ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း၃ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ခညောင်းကြပါစေ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်အောင်မြင့်၊ မန္တလေး(၈)၊ ပြည်ပခရီးစဉ်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ပြည်ပခရီးစဉ်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ပြည်ပခရီးစဉ်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ပြည်ပခရီးစဉ်။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ပြည်ပခရီးစဉ်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသလူမှုရေးကိစ္စ။ ဦးဒွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ Workshop။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ Workshop။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ မိသားစုကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဗိုလ်မှူးမောင်မောင်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊

ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ သိန္နီမြို့နယ်(၁၀၀)ပြည့်ပွဲတော်တက်ရောက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဗိုလ်မှူးကြီးခင်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ကော်မရှင်အဖွဲ့ဝင်များနဲ့ အစည်းအဝေးတက်ရောက်လာသူ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ယှဉ်ပြိုင်မှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြပါမယ်။

၁။ အမျိုးသားလွှတ်တော်က ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်နိုင်ရန်အတွက် ၂၅-၇-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ပြန်လည်ဆွေးနွေးနိုင်ရန် ၂၉-၁၀-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က အကြံပြုဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ ယှဉ်ပြိုင်မှုဥပဒေကြမ်းအပေါ်တွင် ဆွေးနွေးအကြံပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၁၇-၁၁-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ပါသည် -

(က) ဤဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)ပါ စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားနှင့်အညီ စီးပွားရေးလက်ဝါးကြီးအုပ် ဆောင်ရွက်မှုကို တားဆီးကာကွယ်ရန် ရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် ဤဥပဒေကြမ်း၏ အမည်ကို စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဥပဒေ ဟု ရှင်းလင်းမှုရှိစေရန် အမျိုးသားလွှတ်တော်က ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ဥပဒေကြမ်း၏ ပုဒ်မ(၁)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မခွဲ(ဇ) တို့တွင် ပါရှိသော ယှဉ်ပြိုင်မှု ဆိုသည့် စကားရပ်များကို စီးပွားလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဆိုသည့် စကားရပ်ဖြင့် အမျိုးသားလွှတ်တော်က အစားထိုးပြီး အတည်ပြုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ် အကြံပြုဆွေးနွေးခဲ့သည်နှင့်အညီ အဆိုပါအချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အတိုင်းသာ ဆက်လက်အတည်ပြုသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။ အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ ဥပဒေတစ်ရပ်လုံးတွင်

ပြင်ဆင်ပြောင်းလဲခဲ့သည့် စကားရပ်များကိုလည်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဌ)ဖြစ်သည့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားခြင်းနှင့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)ဖြစ်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားခြင်းတို့ကို ပိုမိုပြည့်စုံမှုရှိစေရန် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူခဲ့ပါသည်။

(ဂ) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၄၊ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသော ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေး ဆိုသည့်စကားရပ်သည်လည်း ဥပဒေအသုံးအနှုန်း ရေးထုံးအမှန်ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့်အတိုင်းသာ ဆက်လက်အတည်ပြုသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယှဉ်ပြိုင်မှုဥပဒေကြမ်းအပေါ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ၏ အကြံပြုဆွေးနွေးခဲ့သည့် အချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အတိုင်းသာ ဆက်လက်အတည်ပြုသင့်ကြောင်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယှဉ်ပြိုင်မှု ဥပဒေကြမ်း အား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ယှဉ်ပြိုင်မှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

အခန်း(၁)၊ အပိုဒ် ၁(ခ)(ဂ)၊ အပိုဒ် ၂(ဈ)(ဍ)(တ)(ထ)၊

အခန်း(၂)၊ အပိုဒ် ၃(ခ)၊

အခန်း(၃)၊ အပိုဒ် ၄(က)(ဂ) (ဃ)(င)၊

အခန်း(၄)၊ အပိုဒ် ၅(က)(ဂ)၊ အပိုဒ် ၆၊ အပိုဒ် ၇၊

အခန်း(၅)၊ အပိုဒ် ၈(က)(ခ)(င)(စ)(ဆ)(ဇ)(ဍ)(ဌ)(ဎ)(ဏ)(တ)(ထ)(ဒ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊

အခန်း(၆)၊ အပိုဒ် ၁၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၂(ခ)(ဂ)(ဃ)(င)(စ)၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၄(ဃ)(င)(စ)၊ အပိုဒ်၁၅(ဃ)(င)၊

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇(စ)(ဇ)(ည)၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉(င)(စ)၊ အပိုဒ် ၂၃(ဂ) (၃)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅(က)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ဃ)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁(ခ)(ဂ)၊ အပိုဒ် ၃၃(က)၊

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၄(ခ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆(က)(ခ)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃(က)(ခ)၊ အပိုဒ် ၅၅(က)(ခ)တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့်

အခန်း(၂)၊အပိုဒ် ၃(ဃ)၊

အခန်း(၅)၊ အပိုဒ် ၈(ဒ)၊

အခန်း(၁၁)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ဥပဒေကြမ်း၏

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁(က)(င)၊ အပိုဒ် ၂(စ)(ဆ)(ဇ)(ဌ)(ဍ)၊

အခန်း(၁၃)၊ အပိုဒ် ၄(ဆ)တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်အတည်ပြုချက် အတိုင်းထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်ကို

ပြည်ထောင်စုလွှတ်တော် တွင် ဆွေးနွေးဆုံးဖြတ်ရန် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးသန်းမြင့် က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာလ ၂၈ ရက်

၁။ ပြည်သူ့လွှတ်တော်က စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းကို ၄-၂-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်၌ ဆွေးနွေးနိုင်ပါရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အသစ်ရေးဆွဲခဲ့ပြီးသော လွှတ်တော်က အဆုံးအဖြတ်ပြုနိုင်ပါရန် ၁၆-၁၀-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၂-၁၀-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်သား ကိုယ်စားလှယ်နှင့် ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်သားကိုယ်စားလှယ်တို့က အကြံပြုဆွေးနွေးခဲ့ကြ ပါသည်။ ယင်းအကြံပြုချက်၊ ဆွေးနွေးချက်များကို လွှတ်တော်၏ တာဝန်ပေးချက်အရ ထပ်မံကြားနာ လေ့လာစိစစ်၍ အစီရင်ခံ တင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၄)ဦး၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ တို့သည် ၂၉-၁၀-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီမှုရရှိခဲ့ပါသည် -

(က) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အသစ်ရေးဆွဲသည့် ဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၏နောက်တွင် ပုဒ်မခွဲ(ဃ) အဖြစ် “စုပေါင်းပိုင်အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ် ဒီဇိုင်းပုံစံ စံချိန်စံညွှန်းနှင့် အညီ ဆောက်လုပ်စေရန် စစ်ဆေးကြပ်မတ်ခြင်း၊ အတိုင်ပင်ခံ အရည်အသွေး စစ်ဆေးကြပ်မတ်ရေးအဖွဲ့များ ငှားရမ်းကြီးကြပ်၍ ဆောက်လုပ်စေခြင်း” ဟု အသစ်ဖြည့်စွက်သင့်ကြောင်း သဘော တူညီခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အသစ်ရေးဆွဲသည့် ဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ(င) တွင် ဖော်ပြထားသော “သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေ ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း” ဆိုသည့်စကားရပ်ကို ဆောက်လုပ်ရေး လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ကြီးကြပ်မှုပြုနိုင်ရန်အတွက် “သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် ဆောက်လုပ်ရေး လုပ်ငန်းစဉ်များအလိုက် ကြီးကြပ် ဆောင်ရွက်ခြင်း” ဟူ၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(စ)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း သဘောတူညီခဲ့ပါသည်။

(ဂ) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အသစ်ရေးဆွဲသည့် ဥပဒေကြမ်း ပုဒ်မ ၉၊ ပုဒ်မခွဲ(က) တွင် ပါရှိသော “၁၂ ထပ် ထက်မနည်းသည့်” ဆိုသည့် စကားရပ် ကို “ ၆ ထပ် ထက်မနည်းသည့်” ဟု ပြင်ဆင်သင့်ကြောင်း၊ ပုဒ်မ ၃၃ တွင်ပါရှိသော “ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)” ဆိုသည့် စကားရပ်ကို ဥပဒေရေးထုံးနှင့် ညီညွတ်မှု ရှိစေရန် အတွက် “မည်သူမဆို ပုဒ်မ၂၅၊ ပုဒ်မခွဲ(က)” ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက် သင့်ကြောင်း သဘောတူညီခဲ့ပါသည်။

(ဃ) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အသစ်ရေးဆွဲသည့် ဥပဒေကြမ်း၏ "အခန်း(၁၁) အယူခံခြင်း" အခန်းကို ထည့်သွင်းပြဋ္ဌာန်းရန် မလိုအပ်ပါသဖြင့် ပယ်ဖျက်သင့်ကြောင်း၊ "အခန်း (၁၂)" ကို "အခန်း (၁၁)" အဖြစ်ပြောင်းလဲရန်နှင့် ပြောင်းလဲသွားသော အမှတ်စဉ်များကို ပြန်လည်အမှတ်စဉ်သင့်ကြောင်း တို့ကို သဘောတူညီခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၄)ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းသဘောတူညီချက်များအရ ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါ တယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂ (က)(ဂ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)(ဏ)

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) စုပေါင်းပိုင်အဆောက်အအုံ ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင် အထပ်မြင့်အိမ်ခန်းများကို စုပေါင်းပိုင်ဆိုင်မှု အခြေခံမှုဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိသည့် စုပေါင်းပိုင်ပစ္စည်းများလည်း ပါဝင်သည်။

(ဂ) စုပေါင်းပိုင်မြေ ဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံနှင့်ပစ္စည်း တည်ရှိပြီး၊ စုပေါင်းပိုင်သူအားလုံးက တည်ဆဲဥပဒေနှင့်အညီ အကျိုးသက်ဆိုင်သည့် မြေနှင့် မြေကွက်လပ်တို့ကို ဆိုသည်။

(င) တည်ထောင်သူ ဆိုသည်မှာ ငွေကြေးရင်းနှီးမြှုပ်နှံပြီး စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်ခြင်း လုပ်ငန်း လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသော လုပ်ငန်းလိုင်စင် ရရှိသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများ မပါဝင်။

(စ) စုပေါင်းပိုင်သူ ဆိုသည်မှာ စုပေါင်း အကျိုးခံစားခွင့်ရှိသည့် အဆောက်အအုံရှိ အိမ်ခန်းကို ပိုင်ဆိုင်သည့် အိမ်ခန်းမှတ်ပုံတင် လက်မှတ်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူ၏ အမွေဆက်ခံသူလည်း ပါဝင်သည်။

(ဆ) မူလအချိုးသင့်ပိုင်ဆိုင်မှု ဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံရှိ အိမ်ခန်း အသီးသီးအတွက် လွှဲပြောင်းသည့် တန်ဖိုးအလို့ငှာ လည်းကောင်း၊ စုပေါင်းပိုင် အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက် လည်းကောင်း သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီ၏သဘောတူညီချက်ဖြင့် တည်ထောင်သူက သတ်မှတ်ထားသည့် အချိုးသင့်ပိုင်ဆိုင်မှုတန်ဖိုး ကို ဆိုသည်။

(ဇ) အိမ်ခန်းဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်ရန် သို့မဟုတ် အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားနည်း သုံးစွဲရန်၊ တစ်ဦးချင်းပိုင်အဖြစ် သီးခြားကာရံ၍ ဆောက်လုပ်ထားသော အိမ်ခန်းကို ဆိုသည်။

(ဈ) အသင်း ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ဤဥပဒေအရ ထုတ်ပေးသော အသင်းမှတ်ပုံတင် လက်မှတ်ရရှိသည့် စုပေါင်းပိုင်အဆောက်အအုံ အသင်းကို ဆိုသည်။

(ည) အသင်းဝင်ဆိုသည်မှာ အသင်းမှတ်ပုံတင်လက်မှတ် ရရှိသော စုပေါင်းပိုင် အဆောက်အအုံ၏ အိမ်ခန်း မှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်။

(ဋ) အမှုဆောင်အဖွဲ့ ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ စုပေါင်းပိုင်အသင်း၏ ဖွဲ့စည်းထားသော စုပေါင်းပိုင် အဆောက်အအုံ အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဌ) ယာယီအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စုပေါင်းပိုင်အဆောက်အအုံ ယာယီအမှုဆောင်အဖွဲ့ ကို ဆိုသည်။

(ဍ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

(ပ) စီမံခန့်ခွဲရေးကော်မတီ ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသော နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီကို ဆိုသည် ဟု ဖြည့်စွက်ထားပါတယ်။

(ဏ) ဦးစီးဌာန ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂(က)(ဂ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ) (ပ)(ဏ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂(က) (ဂ) (င) (စ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဌ) (ဍ) (ပ) (ဏ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃ (ခ)(ဂ)(ဃ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ခ) အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းများကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(ဃ) အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့် အကောင်အထည်ဖော်နိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ခ)(ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)

## အခန်း (၃)

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဒေသအလိုက် အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေး ကော်မတီကိုလည်းကောင်း၊ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေးကော်မတီများကိုလည်းကောင်း အောက်ပါပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းရမည် -

(က) နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး ဥက္ကဋ္ဌ
သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က

တာဝန်ပေးအပ်သော ဝန်ကြီး

(ခ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးကော်မတီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး — အတွင်းရေးမှူး

(စ) ဦးစီးဌာနမှ တွဲဖက်အတွင်းရေးမှူး ကိုယ်စားလှယ်တစ်ဦး ဟု ဖြည့်စွက်ထားပါတယ်။

၅။ စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ ဒေသအတွင်း ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

(ခ) မြို့ပြဒေသများတွင် ခေတ်မီအဆောက်အအုံများနှင့် စုပေါင်းပိုင် အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်စည်းရုံးခြင်းနှင့် အသိပညာပေးခြင်း၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံများ တည်ထောင်ရာတွင် ခေတ်မီတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအား လိုအပ်သော အကြံဉာဏ်ပေးခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဃ) စုပေါင်းပိုင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်ဒီဇိုင်းပုံစံ၊ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်စေရန် စစ်ဆေးကြပ်မတ်ခြင်း၊ အတိုင်ပင်ခံ အရည်အသွေး စစ်ဆေးကြပ်မတ်ရေးအဖွဲ့များ ငှားရမ်းကြီးကြပ်၍ ဆောက်လုပ်စေခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆောက်လုပ်ရေး အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(စ) စုပေါင်းပိုင် အဆောက်အအုံများ၏ ဘေးကင်းစိတ်ချ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းစဉ်များအလိုက် ကြီးကြပ်ဆောင်ရွက်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

(ဆ) တည်ထောင်ဆောက်လုပ်ပြီးဖြစ်သော စုပေါင်းပိုင် အဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များ ချမှတ်၍ အမှုဆောင်အဖွဲ့များအား လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးခြင်း၊

(ဇ) စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် တည်ထောင်သူက တင်ပြသော မူလအချိုးသင့် ပိုင်ဆိုင်မှု တန်ဖိုးကို စိစစ်၍ သဘောတူညီချက်ပေးခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)အခန်း ခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆(က)(ခ)(ဂ)

အခန်း(၄)

ဦးစီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ (က) စုပေါင်းပိုင်အဆောက်အအုံ ကဏ္ဍဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း ဟု ဖြည့်စွက်ထားပါတယ်။

(ခ) စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနပြုခြင်း၊ ပြည်တွင်းပြည်ပမှ နည်းပညာများကို လေ့လာဆည်းပူးခြင်းနှင့် နည်းပညာများ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဂ) ဤဥပဒေအရ အရေးယူသည့်ပြစ်မှုများကို အရေးယူဆောင်ရွက်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆(က)(ခ)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈(ခ)(ဂ)(ဃ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁(က)(ခ)(ဂ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(ခ)(ဂ)

အခန်း(၅)

စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်း

၈။ (ခ) လက်ရှိမြေပိုင်ဆိုင်သူက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် စုပေါင်းပိုင်မြေအဖြစ် လွှဲပြောင်းပေးပြီး ဖြစ်ရမည်။

(ဂ) မြို့ပြစီမံကိန်းအရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ သတ်မှတ်ထားသည့် အချက်များနှင့် အညီ ဖြစ်ရမည်။

(ဃ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်မည့် မြေဧရိယာမှာ အနည်းဆုံး စတုရန်းပေ ၁၀၀၀၀ ရှိရမည်။

၉။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံတစ်ခု ဖြစ်ရန် ၆ ထပ် ထက်မနည်းသည့် အနည်းဆုံး လိုအပ်သော အထပ်အရေအတွက်၊ အိမ်ခန်း အရေအတွက်၊ လုံလောက်သော ယာဉ်ရပ်နားရန်နေရာနှင့် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိရမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် ယင်းအဆောက်အအုံနှင့် ပစ္စည်းများ၏ နည်းပညာ အဆင့်အတန်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများ အပါအဝင် လိုအပ်သည့် စံချိန်စံညွှန်းများကို သတ်မှတ်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေးကော်မတီသည် မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အခြေအနေအရ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)ပါ နိုင်ငံခြားသားအား ရောင်းချနိုင်ခွင့်ရှိသည့် အိမ်ခန်းအရေအတွက်ကို ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည်ဟု ယူဆလျှင် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြင်ဆင်ပြောင်းလဲနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

၁၀။ (က) ဤဥပဒေ အာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည့် စုပေါင်းပိုင်အဆောက်အအုံများကို ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့နှင့်အညီ မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားသည့် စုပေါင်းပိုင် အဆောက်အအုံကို ဤဥပဒေအရ မှတ်ပုံတင်ပေးနိုင်ရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လိုအပ်သည့် အချက်များကို ပြင်ဆင် ဆောင်ရွက်ရန် ညွှန်ကြားခြင်း ပြုနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

၁၁။ (က) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အနည်းဆုံး မတည်ငွေရင်း ရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက လုပ်ငန်းလိုင်စင်ကြေးပေးဆောင်စေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။ သို့မဟုတ် သတ်မှတ်ချက်များနှင့် မညီညွတ်ပါက လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။

(ဂ) တည်ထောင်သူသည် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ သို့ လျှောက်ထားနိုင်သည်။

၁၂။ (က) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့်အဆောက်အအုံ တစ်ခုဖြစ်ရန်လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ၊ စုပေါင်းပိုင်မြေနှင့် အဆောက်အအုံတွင် ပါရှိမည့် စုပေါင်းပိုင် ပစ္စည်းများနှင့် ပိုင်ဆိုင်မှု အစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ တင်ပြလျှောက်ထားချက်အပေါ် ခွင့်ပြုချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ တည်ထောင်သူသည် -

(ခ) စုပေါင်းပိုင်အဆောက်အအုံ ပဥ္စမထပ်နှင့်အထက်ရှိ အိမ်ခန်းများ၏ ၄၀ ရာခိုင်နှုန်း ထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချနိုင်ခွင့်ရှိသည်ဟု ပြင်ဆင် ထားပါတယ်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် နိုင်ငံတော် ကိုယ်စား အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့တစ်ခုခုက ထိန်းသိမ်းစောင့်ရှောက်ခွင့် ပြုထားသော မြေတစ်ခုခုအပေါ်တွင် စုပေါင်းပိုင် အဆောက်အအုံကို တည်ထောင် ဆောက်လုပ်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၀း၄၇။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ပြင်ဆင်ချက်အဆို တစ်ခုတင်ချင်ပါတယ်။ ပထမတစ်ခုကတော့ ပုဒ်မ ၈(ဃ)မှာပါ။ ပုဒ်မ ၈(ဃ)မှာ စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်မည့် မြေဧရိယာမှာ အနည်းဆုံးစတုရန်းပေ (၁၀၀၀၀) ရှိရမည် ဟု ဖော်ပြထားပါတယ်။ ဒီဟာကို ကျွန်တော် အနည်းဆုံးစတုရန်းပေ (၁၂၀၀) ရှိရမယ့် လို့ ကျွန်တော် ပြင်ဆင်ချင်ပါတယ်။ အကျိုးအကြောင်း ဖော်ပြချက်နဲ့ တင်ပြရမယ်ဆိုလို့ရှိရင် စုပေါင်းပိုင် အဆောက်အအုံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ အထူထပ်ဆုံးဖြစ်တဲ့ ရန်ကုန်မြို့ပေါ်မှာ အဓိက သက်ရောက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပေါ်မှာ ၁၂၀၀ စတုရန်းပေ ရှိမယ်ဆိုရင် ဒီ နိုင်ငံတော်ကနေ မြေပိုင်ဆိုင်မှု ဂရန် အထောက်အထား ထုတ်ပေးပါတယ်။ ဒီ ၁၂၀၀ စတုရန်းပေ ရှိတဲ့ မြေပေါ်မှာလည်း (၆)ထပ် အဆောက်အအုံ ဆောက်လုပ်နေပါတယ်။

ဒါကြောင့် ဒီ အဆောက်အအုံတွေဟာ စုပေါင်းပိုင်ဖြစ်မယ် ဆိုလို့ရှိရင် တည်ထောင်သူတွေ ရော၊ နေထိုင်သူများအတွက် အကျိုးရှိမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ဆိုလို့ရှိရင် ဒီလို ဂရန် ၁၂၀၀ စတုရန်းပေလေးတွေ ပေါင်းရင်းနဲ့ ကြီးမားတဲ့ စုပေါင်းပိုင် အဆောက်အအုံတွေ ဖြစ်မယ်လို့ ကျွန်တော်တို့ မျှော်လင့်လို့ ရပါတယ်။ ဒါကြောင့် ဂရန်တောင် ၁၂၀၀ စတုရန်းပေကို ဂရန်တောင် ပေးနိုင် တယ်ဆိုလို့ ရှိရင် စုပေါင်းပိုင်မြေအဖြစ် လွှဲပြောင်းနိုင်ဖို့အတွက်ကတော့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါကြောင့် ဒီမြေဧရိယာ အနည်းဆုံး သတ်မှတ်ချက်ကို ၁၂၀၀ စတုရန်းပေအဖြစ် ထည့်သွင်းသင့်ကြောင်း ပထမအဆို အဖြစ် တင်သွင်းအပ်ပါတယ်။

ဒုတိယအဆိုအဖြစ် တင်သွင်းချင်တာကတော့ ပုဒ်မ ၁၃(ဂ)မှာပါ။ ပုဒ်မ ၁၃(ဂ)မှာ ဖော်ပြထား တာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် နိုင်ငံတော်

ကိုယ်စား အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့တစ်ခုက ထိန်းသိမ်းစောင့်ရှောက် ခွင့်ပြုထားသော မြေတစ်ခုခုပေါ်တွင် စုပေါင်းပိုင် အဆောက်အအုံကို တည်ထောင်ဆောက်လုပ်နိုင်သည်လို့ ဖော်ပြထားပါတယ်။

ကျွန်တော်တို့ ဒီ စုပေါင်းပိုင် အဆောက်အအုံ ဥပဒေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ပေါ်သင့်တာပါ။ ပေါ်သင့်တဲ့အချိန်မှာ မပေါ်ခဲ့ပေမယ့်လည်း ကျွန်တော်တို့ နိုင်ငံတော်ပိုင်မြေပေါ်မှာ စုပေါင်းပိုင်အဆောက်အအုံတွေ ဆောက်လုပ်နေတာတွေ ရှိပါတယ်။ လက်ရှိလည်ပတ်နေပါတယ်။ ဒီ ဥပဒေအရ ဆိုလို့ရှိရင် တည်ထောင်ခဲ့ပြီးသား လုပ်ငန်းတွေ၊ ဒီ နိုင်ငံတော်ပိုင် မြေပေါ်မှာ၊ ဒီ စည်ပင်သာယာမြေပေါ်မှာ စုပေါင်းပိုင် ဆောက်နေတဲ့ အဆောက်အအုံတွေဟာ ဒီ ဥပဒေဟာ အကျိုးသက်ရောက်ခွင့် မရှိသလို ဖြစ်နေပါတယ်။ ဒါကြောင့် တည်ထောင်နိုင်သည်ဆိုတဲ့ စကားနဲ့အတူ ဆောက်လုပ် ပြီးစီးပါကလည်း စုပေါင်းပိုင်အဖြစ် ခွင့်ပြုရမည်ဆိုတဲ့အချက်ကိုလည်း ထည့်သွင်းချင်ပါတယ်။

ဒါကြောင့် ကျွန်တော်ဟာဆိုလို့ရှိရင် လက်ရှိပစ္စုပ္ပန်မှာ ဒီ နိုင်ငံတော်ပိုင်၊ စည်ပင်သာယာပိုင်မြေပေါ်မှာ ဆောက်နေတဲ့ ဒီ အဆောက်အအုံတွေ အားလုံးကိုလည်း စုပေါင်းပိုင်မြေအဖြစ် ဒီဥပဒေနဲ့အတူ အကျိုးဝင်ပြဌာန်းနိုင်အောင်အတွက် ဆောက်လုပ်နိုင်သည်ဆိုတဲ့အတူ ဒီ လျှောက်ထားခွင့်ပြုရမည် ဆိုတဲ့ ဒီ ဒုတိယအချက်ကိုပါ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီ ဥပဒေကြမ်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ရှိတဲ့အခါမှာ ဦးဖုန်းမြင့်အောင် ကိုလည်း ကျွန်တော်တို့ တင်ပြချက်အရ ကျွန်တော်တို့ ခေါ်ပြီးတော့ ဒီ ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းတယ်လို့ ဒီ အစီရင်ခံစာအရ တွေ့ရပါတယ်။ အဲဒီတုန်းက ဦးဖုန်းမြင့်အောင် ဆွေးနွေးချက် ဘာရှိသလဲမသိဘူး။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီရက်က ကျွန်တော် ခွင့်ယူထားတဲ့အတွက် ဒီအစည်းအဝေး မတက်ဖြစ်ပါဘူးခင်ဗျား။ ဒါကြောင့် အခုအချိန်မှ ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ၊ ဦးဖုန်းမြင့်အောင် တို့က ဆွေးနွေးပြီလေ။ ဆွေးနွေးတဲ့အခါမှာ ခွင့်ယူတယ်ဆိုလည်း ဒီက ကော်မတီက ဖိတ်တဲ့အခါမှာ ကိုယ့်ရဲ့သဘောထားကို ကြိုတင်ပြပေါ့။ သဘောထားတင်ပြချက် မရှိရင်တော့ ဒါ ကျွန်တော်တို့ Absence အရကတော့ ကော်မတီကတော့ ဆက်ပြီးတော့ ဆောင်ရွက်သွားမှာလေ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခု ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နဲ့ ဦးဖုန်းမြင့်အောင် ရဲ့ အခု ကန့်ကွက်ချက်ကို အခု ကျွန်တော်က လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူပါမယ်။

အဲဒီတော့ ကျွန်တော် မတ်တပ်ရပ်တဲ့ နည်းနဲ့ပဲ ကျွန်တော် လုပ်လိုက်ပါ့မယ်။ အဲဒီတော့ အခု ဥပဒေကြမ်းကော်မတီရဲ့အကြံပြုချက်ကို လွှတ်တော်က အတည်ပြုဖို့ ဆုံးဖြတ်တဲ့နေရာမှာ ဦးဖုန်းမြင့်အောင်က ကန့်ကွက်တဲ့အတွက် အခု ဦးဖုန်းမြင့်အောင် ရဲ့ ကန့်ကွက်ချက်ကို သဘောတူတဲ့သူ မတ်တပ်ရပ်ပေးပါ။

အဲဒီတော့ ဦးဖုန်းမြင့်အောင် ရဲ့ ကန့်ကွက်ချက်ကို ကျွန်တော်တို့ အစည်းအဝေးတက်ရောက်သူ အထဲက (၅)ယောက်ပဲ ရှိတဲ့အတွက် ကျွန်တော်တို့ ထက်ဝက်မကျော်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈(ခ)(ဂ)(ဃ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁(က)(ခ)(ဂ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဘာလဲမသိဘူး။ အားလုံးဆုံးဖြတ်ပြီးသွားပါပြီ။ တူလည်း ထုပြီး သွားပါပြီ။

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ နောက်ထပ် တစ်ဦးပါ။ ကျွန်တော်နဲ့ ဥပဒေကြမ်းကော်မတီ ဆွေးနွေးတဲ့အခါမှာ ကျွန်တော် တင်ပြထားတာ ရှိပါတယ်။ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၂၃(ဂ)၊ အပိုဒ် ၂၄ (ဃ) (၁)(၂)(၃)။ အဲဒီထဲမှာ နိုင်ငံခြားသားကို ရောင်းချပိုင်ခွင့်၊ ပေးကမ်းပိုင်ခွင့်၊ စွန့်လွှတ်ပိုင်ခွင့်၊ အမွေဆက်ခံခွင့်ပေးခြင်း စသည်တို့ ပါရှိပါတယ်။ အဲဒါကို ကျွန်တော်က ကန့်ကွက်ခဲ့ပါတယ်။ ကန့်ကွက်တော့ ကော်မတီက အဲဒါကို မှတ်တမ်းတင်ထားမယ် ဆိုပြီးတော့ မှတ်တမ်းတင်ထားပါတယ်။ အဲဒီ့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တင်ပြလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးကျော်ထွန်းအောင် ကျွန်တော်တစ်ခု မေတ္တာရပ်ခံပါမယ်။ ကျွန်တော် ခုနက ကန့်ကွက်ရန် သဘောမတူတဲ့သူ ရှိပါသလား ပြောတော့ ဦးဖုန်းမြင့်အောင် က ထပါတယ်။ အဲဒီတော့ ဦးဖုန်းမြင့်အောင် က ထပြီးတော့ ဦးဖုန်းမြင့်အောင် ရဲ့ တင်ပြချက်ကို ကျွန်တော်တို့ လွှတ်တော်ကို အတည်ပြုချက် တောင်းပြီးပါပြီ။ အဲဒီတုန်းက ဦးကျော်ထွန်းအောင် လည်း ဘာမှမပြောတဲ့အတွက် ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်က ဆုံးဖြတ်ပြီး ဖြစ်တဲ့အတွက် ကျွန်တော် အတည်ပြု ကြောင်းလည်း ထပ်မံကြေညာပါတယ်။

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဦးဖုန်းမြင့်အောင် တင်ပြတာ နဲ့ မတူပါဘူးခင်ဗျား။ ကျွန်တော်တင်ပြတာနဲ့က တစ်ခြားစီပါ။ မတူပါဘူးခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ၊ အဲဒီတုန်းက ဦးကျော်ထွန်းအောင်၊ သဘောမတူသူ ကတည်းက ဦးကျော်ထွန်းအောင် ထပြောလေ။ ထမှ မပြောတာလေ။ အဲဒီတော့ ကျွန်တော်တို့ ဆုံးလည်း ဆုံးဖြတ်ပြီး ဖြစ်တဲ့အတွက် ဒါ ဒီအတိုင်းပဲထားမယ်လို့ ကျွန်တော် ဆုံးလည်း ဆုံးဖြတ်ပြီးပါပြီ။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၄(က)(ဂ)၊ အပိုဒ် ၁၅ ၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁

အခန်း(၆)

မှတ်ပုံတင်ခြင်း

၁၄။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

(ဂ) မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်မြေကို မူလပိုင်ဆိုင်သူက စုပေါင်းပိုင်မြေအဖြစ် အမည် လွှဲပြောင်းရေးအတွက် သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

၁၅။ စုပေါင်းပိုင်မြေအဖြစ် သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသော မြေကွက်သည် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ အမည်နှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရဘဲ စုပေါင်းပိုင်သူ အားလုံးနှင့် အကျိုးသက်ဆိုင်သော စုပေါင်းပိုင်မြေအဖြစ်သာလျှင် တည်ရှိစေရမည်။

၁၆။ တည်ထောင်သူသည် စုပေါင်းပိုင် အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေ နှင့် အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

၁၇။ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကို လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းအလိုက် အိမ်ခန်းမှတ်ပုံတင် လက်မှတ်များကို တည်ထောင်သူအား ထုတ်ပေးပြီး အိမ်ခန်းမှတ်ပုံတင်လက်မှတ် မိတ္တူကို ထိန်းသိမ်းထားရမည်။ တည်ထောင်သူသည် ယင်း အိမ်ခန်းများကို ပုဒ်မ ၁၈ အရ လွှဲပြောင်းသည့်အခါ အိမ်ခန်း လက်ခံရရှိသူသို့ သက်ဆိုင်ရာ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းပေးရမည်။

၁၈။ မှတ်ပုံတင်ထားသော အိမ်ခန်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သည့်အခါ လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံ ရရှိသူတို့သည် လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည် -

၁၉။ (ခ) ပုဒ်မ ၁၈ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းကို လွှဲပြောင်းလက်ခံရရှိသူသည် လွှဲပြောင်းသည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

၂၀။ ပုဒ်မ ၁၈ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်သည့်အခါ -

၂၁။ စုပေါင်းပိုင်သူသည် မိမိပိုင်အိမ်ခန်းကို ပုဒ်မ ၁၈ ပါ လွှဲပြောင်းခြင်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းပြီးနောက် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်ပြီးမှ မှတ်ပုံတင်လျှင် မှတ်ပုံတင်ခအပြင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေး ကော်မတီက သတ်မှတ်သော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၄(က)(ဂ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၄(က)(ဂ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂(က)မှ (ဌ)ထိ၊ အပိုဒ် ၂၃(က)(ခ)(ဂ)

အခန်း(၇)

တည်ထောင်သူများ၏ တာဝန်နှင့်အခွင့်အရေးများ

၂၂။ တည်ထောင်သူ၏တာဝန်များမှာ အောက်ပါတို့ ပါဝင်သည် -

(က) ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင် အဆောက်အအုံကို ဆောက်လုပ်ခြင်း။

(ခ) သတ်မှတ်ထားသော အနည်းဆုံး မတည်ငွေရင်း ရှိရမည့်အပြင် လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) စုပေါင်းပိုင်မြေကို သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ခြင်း။

(င) စုပေါင်းပိုင် အဆောက်အအုံ တည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင် အဆောက်အအုံ တစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ စုပေါင်းပိုင် မြေနှင့် အဆောက်အအုံတွင် ပါရှိမည့် စုပေါင်းပိုင် ပစ္စည်းများနှင့် ပိုင်ဆိုင်မှု အစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း။

(စ) ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင် အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ခြင်း။

(ဆ) စုပေါင်းပိုင် အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေများနှင့်အညီ နေထိုင်ခွင့် ရရှိပါက စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း။

(ဇ) ပူးတွဲတည်ထောင်သူနှင့် သက်ဆိုင်သော အကြောင်းအရာများကို စီမံခန့်ခွဲရေးကော်မတီသို့ အကြောင်းကြားခြင်း။

(ဈ) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် စတင်ရောင်းချသည့်အချိန်တွင် မှတ်ပုံတင်အရာရှိ ထံ အကြောင်းကြားခြင်း၊

(ည) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် နိုင်ငံခြားမှ တရားဝင် ငွေလွှဲပို့သော နိုင်ငံခြားငွေ ဖြင့်သာ ရောင်းချခြင်း။

(ဋ) စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းနှင့်ညီညွတ်စေရန် လည်းကောင်း၊ သတ်မှတ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းများ ပြည့်စုံစွာပါရှိစေရန် လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဌ) စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် တည်ဆဲဥပဒေနှင့်အညီ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း။

၂၃။ တည်ထောင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပူးတွဲတည်ထောင်သူ ခန့်အပ်ဆောင်ရွက်နိုင်ခြင်း။

(ခ) စုပေါင်းပိုင် အဆောက်အအုံ ဆောက်လုပ်မပြီးမီ အိမ်ခန်းများကို ကြိုတင်ရောင်းချနိုင်ခြင်း။

(ဂ) စုပေါင်းပိုင် အဆောက်အအုံ၏ ပဉ္စမထပ်နှင့် အထက်ရှိ ၄၀% ထက် မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချနိုင်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂(က)မှ (ဌ)ထိ၊ အပိုဒ် ၂၃(က)(ခ)(ဂ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂(က)မှ (ဠ)ထိ၊ အပိုဒ် ၂၃(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၈ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(က)(ဂ)(ဃ)(၁)(၂)(၃)(င)(စ)(ဇ)(ဈ)၊ အပိုဒ် ၂၅(ဂ) (ဃ)(စ)(ဆ)၊

အခန်း( ၈ )

စုပေါင်းပိုင်သူများ၏ အခွင့်အရေးနှင့် တာဝန်များ

၂၄။ စုပေါင်းပိုင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုဒ်မ ၁၈ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်း ကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။ အိမ်ခန်းပိုင်ဆိုင်ခွင့်ကို လွှဲပြောင်း လက်ခံရရှိသူ အမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအား တည်ဆဲဥပဒေနှင့်အညီ ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေး ကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်၊ အမွေဆက်ခံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား တည်ဆဲဥပဒေနှင့်အညီ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ပဉ္စမထပ်နှင့် အထက်ရှိ ၄၀ ရာခိုင်နှုန်းထက် မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချခွင့်နှင့် လဲလှယ်ခွင့် များရှိသည် ဟု ပြင်ဆင်ထားပါတယ်။

(၃) နိုင်ငံခြားသားအား ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမွေဆက်ခံစေခြင်းဆိုင်ရာ ကိစ္စများတွင် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

( င ) အိမ်ခန်းကို ဘဏ်တွင် ပေါင်နှံခွင့်ရှိသည်ဟု ဖြည့်စွက်ထားပါတယ်။

( စ ) အမှုဆောင်အဖွဲ့၏ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏အတွင်းပိုင်းကို စုပေါင်းပိုင် အဆောက်အအုံ၏ မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစား ပြင်ဆင်ခွင့်များရှိသည်။

( ဇ ) စုပေါင်းပိုင်မြေကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာရေးနာရေးကိစ္စအတွက် ယာယီ အသုံးပြုခွင့် ရှိသည်။

( ဈ ) အသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးနှင့် အသင်းသားစုံညီ အထူးအစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ်တစ်ခုခု အတွက် မဲပေးခွင့်၊ အမှုဆောင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက် ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိသည်။

၂၅။ စုပေါင်းပိုင်သူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

( ဂ ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ပေါင်နှံခြင်းနှင့် တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့် ထားခြင်းပြုပါက အမှုဆောင်အဖွဲ့သို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၁၈ ပါ လွှဲပြောင်းခြင်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များနှင့်အညီ အမှုဆောင်အဖွဲ့သို့ ကြိုတင်အသိပေးရမည်။

( စ ) မိမိ၏ အိမ်ခန်းအတွင်းပိုင်းကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြုပြင်မွမ်းမံခြင်း၊ အသေးစား ပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏ မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အမှုဆောင်အဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် အိမ်ခန်းကို အခြားနည်းသုံးစွဲခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(က)(ဂ)(ဃ)(၁)(၂)(၃)(င)(စ)(ဈ)(ဈ)၊ အပိုဒ် ၂၅(ဂ)(ဃ)(စ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(က)(ဂ)(ဃ)(၁)(၂)(၃)(င)(စ)(ဈ)(ဈ)၊ အပိုဒ် ၂၅(ဂ)(ဃ)(စ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ခ)(ဂ)၊ အပိုဒ် ၂၈(က)၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀(က)(ခ)

## အခန်း(၉)

## စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်း

၂၆။ စုပေါင်းပိုင် အဆောက်အအုံတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို မိမိတို့၏ ဆန္ဒအလျောက် ဖြိုဖျက်ပြီး အသစ်ပြန်လည် ဆောက်လုပ်လိုလျှင် အသင်း၏ အသင်းသား စုံညီအစည်းအဝေး သို့မဟုတ် အသင်းသားစုံညီ အထူးအစည်းအဝေးတွင် အသင်းဝင် ၇၅ ရာခိုင်နှုန်း၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၇။ (က) အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ ချမှတ်သော သဘောတူ ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက် ရရှိပါက သက်ဆိုင်သူ များ သိရှိနိုင်ရန် သတင်းစာတွင် ကြေညာရမည်။

၂၈။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအတည်ပြုချက်မိတ္တူနှင့် အသင်းသား စုံညီအစည်းအဝေး သို့မဟုတ် အသင်းသားစုံညီ အထူးအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်မိတ္တူတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

၂၉။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီ၏ အတည်ပြုချက်နှင့်အညီ စုပေါင်းပိုင် အဆောက်အအုံကို အသစ်ပြန်လည် ဆောက်လုပ်ရာတွင် လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ်ပြန်လည် ဆောက်လုပ်ရာတွင် လည်းကောင်း ယင်း

စုပေါင်းပိုင် မြေနှင့် စုပေါင်းပိုင်အဆောက်အအုံမှ ဖယ်ရှားပေးရန် ပျက်ကွက်သူများ၏ စာရင်းကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ တင်ပြချက်နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၃၀။ (က) စုပေါင်းပိုင်အဆောက်အအုံသည် ဘေးအန္တရာယ်ရှိသော အဆောက်အအုံအဖြစ် သက်ဆိုင်ရာက သတ်မှတ်လာလျှင်၊ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက် အရ ဖြိုဖျက်ရမည်။

(ခ) ထိုသို့ဖြိုဖျက်ခဲ့သည့် စုပေါင်းပိုင်မြေအပေါ်တွင် စုပေါင်းပိုင် အဆောက်အအုံအဖြစ် ပြန်လည်ဆောက်လုပ်ခြင်း သို့မဟုတ် အခြားနည်းအသုံးပြုခြင်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ခ)(ဂ)၊ အပိုဒ် ၂၈(က)၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(က)(ခ)(ဂ)၊ အပိုဒ် ၂၈(က)၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၁၀)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄

၃၁။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက် တစ်ခုခုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ် သိန်းငါးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၁၈ အရ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်နှစ်ဆယ့် ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

၃၃။ မည်သူမဆို ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ပါ အချိုးကျထည့်ဝင်ရန် သတ်မှတ်ထားသည့် ရန်ပုံငွေကို ထည့်ဝင်ရန် သုံးလထက်မနည်း ပျက်ကွက်ကြောင်း သို့မဟုတ် ငြင်းဆန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

၃၄။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကို ကျူးလွန်သည့်နေ့ အသီးသီးအတွက် ထိုပြစ်မှုတွင် ပြဋ္ဌာန်းထားသော အများဆုံးချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်း ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၁၁)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(က)(ခ)၊ အပိုဒ် ၃၈(ခ)(ဂ)

၃၅။ ဦးစီးဌာနသည် အသင်းအစည်းအဝေး ကျင်းပခြင်း၊ အမှုဆောင် ရွေးချယ်ခြင်း၊ အသင်းရန်ပုံငွေ ထည့်ဝင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စုပေါင်းအကျိုးခံစားခွင့်ရှိသည့် အဆောက်အအုံ ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသင်းယာယီ အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အသင်းဖွဲ့စည်းပုံ စည်းမျဉ်း ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းစသည့် စုပေါင်းအကျိုးခံစားခွင့်ရှိသည့် အဆောက်အအုံ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် သတ်မှတ်ချက်များကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၃၆။ စီမံခန့်ခွဲရေးကော်မတီ၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနမှ တာဝန်ခံဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

၃၇။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၁ အရ ဒဏ်ကြေး ပေးဆောင်ရန် ပျက်ကွက်သူထံမှ ယင်းဒဏ်ကြေးကို တည်ဆဲအခွန်အရ ကောက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ကောက်ခံပြီး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ ရန်ပုံငွေပေးသွင်းရန် ပျက်ကွက်သူထံမှ အသင်းက ရရန်ရှိသော ရန်ပုံငွေနှင့် ဒဏ်ကြေး တို့ကို တည်ဆဲအခွန်အရ ကောက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ကောက်ခံပြီး အသင်းသို့ ပေးသွင်းရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(ခ) ဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(က)(ခ)၊ အပိုဒ် ၃၈(ခ)(ဂ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(က)(ခ)၊ အပိုဒ် ၃၈(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ် ၃(ဏ)၊

အခန်း(၂)၊ အပိုဒ် ၄(ခ)၊

အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ် ၁၃(ခ)၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊

အခန်း(၈)၊ အပိုဒ် ၃၅(ခ)၊ အပိုဒ် ၃၈၊

အခန်း(၁၀)၊ အပိုဒ် ၄၂ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် -

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၁ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ် ၂(ခ)(၁)(၂)(၃)(ဃ)(တ)၊

အခန်း(၂)၊ အပိုဒ် ၃(က)၊

အခန်း(၃)၊ အပိုဒ် ၅(ဈ)၊

အခန်း(၅)၊ အပိုဒ် ၇၊ အပိုဒ် ၈(က)၊ အပိုဒ် ၁၃(က)၊

အခန်း(၆)၊ အပိုဒ် ၁၄(ခ)၊ အပိုဒ် ၁၈(က)(ခ)(ဂ)၊ အပိုဒ် ၁၉(က)၊ အပိုဒ် ၂၀(က)(ခ)၊

အခန်း(၈)၊ အပိုဒ် ၂၄(ခ)(ဆ)၊ အပိုဒ် ၂၅(က)(ခ)(င)၊

အခန်း(၉) အပိုဒ် ၂၈(ခ)၊

အခန်း(၁၁)၊ အပိုဒ် ၃၈(က) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးမိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု
အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

၁။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် တင်သွင်းခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ သည် ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ထိုသို့ တင်သွင်းခဲ့ရာတွင် ယင်းဥပဒေကြမ်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ မူလဥပဒေအတိုင်းသာ ဆက်လက်ထားရှိရန် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက်ကို တင်ပြခဲ့ပါသည်။ ယင်းနေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ အကြံပြုဆွေးနွေးချက်အပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခဲ့ပါသဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၂-၁၁-၂၀၁၄ ရက်နေ့တွင် ဦးဇုန်လှယ်ထန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ အကြံပြုဆွေးနွေးချက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဦးဇုန်လှယ်ထန်း ၏ အကြံပြုဆွေးနွေးချက်သည် ဦးဖုန်းမြင့်အောင် တင်သွင်းသည့် ဥပဒေကြမ်းပါ ဖော်ပြချက်များနှင့် သက်ဆိုင်ခြင်းမရှိဘဲ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ဆွေးနွေးခဲ့ခြင်းသာ ဖြစ်ပါသည်။ ယင်းဆွေးနွေးချက်များမှာ -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း(၇)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ ဖြစ်သည့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)တွင် အခြား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်း တိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်း စစ်ဆေးခြင်း၊ ဧည့်စာရင်း တိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်း ဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် လည်းကောင်း၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း(၉)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားများတွင် ပုဒ်မ ၁၇ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါ ကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည် -

(က) အခြား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုခုတွင် နေထိုင်ပြီး မိမိ အိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဥ့်အိပ်ညဥ့်နေဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း၊

(ခ) မိမိထံ လာရောက်တည်းခိုသော ဧည့်သည်ပြန်လည်ထွက်ခွာသွားခြင်း ဟူသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် လည်းကောင်း၊

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၁၁)ပါ ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာ ပုဒ်မ ၂၇ တွင် မည်သူမဆို ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက် မပိုသော ငွေဒဏ် ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည် ဟူသည့် ပြဋ္ဌာန်းချက်မှ ပုဒ်မ ၁၇ ကို ညွှန်းဆိုထားသည့် စကားရပ်ကို ပယ်ဖျက်ရန် ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) ဧည့်စာရင်း တိုင်ကြားခြင်းနှင့်စပ်လျဥ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ခ) တွင် ဧည့်စာရင်း တိုင်ကြားခြင်းနှင့် စပ်လျဥ်း၍ -

(၁) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသူများနှင့် ပတ်သက်၍ ရပ်ကွက်ဖြစ်လျှင် ၁၂ နာရီ၊ ကျေးရွာဖြစ်လျှင် လေးနာရီအတွင်း နေထိုင်သူအိမ်ရှင်ကဖြစ်စေ၊ နေထိုင်သူမရှိပါက လာရောက်နေထိုင်သူဧည့်သည်ကဖြစ်စေ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဧည့်စာရင်း တိုင်ကြားခြင်း၊ ယင်းလာရောက် နေထိုင်သူ ပြန်လည်

ထွက်ခွာသည့်အခါ နေထိုင်သူ အိမ်ရှင်ကဖြစ်စေ၊ အိမ်ရှင်မရှိက လာရောက်နေထိုင်သူ ဧည့်သည်ကဖြစ်စေ အကြောင်းကြားခြင်းကို လက်ခံခြင်း၊

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးက ညွှန်ကြားချက်ရရှိလျှင် နယ်မြေခံရဲတပ်ဖွဲ့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အနီးစပ်ဆုံး ဆယ်အိမ်စုကိုယ်စားလှယ်တို့ ပါဝင်သော အဖွဲ့ဖြင့် ဧည့်စာရင်း စစ်ဆေးဆောင်ရွက်စေခြင်း၊

(၃) ဧည့်စာရင်းမှတ်ပုံတင်စာအုပ်တွင် အပြည့်အစုံ ရေးသွင်းခြင်း၊

(၄) ဧည့်စာရင်း မှတ်ပုံတင်စာအုပ်ကို နှစ်ကုန်ဆုံးတိုင်း စာရင်းပိတ်သိမ်းခြင်း၊

(၅) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် အလှမ်းကွာဝေးသော ကျေးရွာအတွင်းဖြစ်ပါက သက်ဆိုင်ရာ ဆယ်အိမ်စုမှူးက မှတ်တမ်းရေးသွင်း၍ တစ်လတစ်ကြိမ် လဆန်းရက်တိုင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးသို့ ပေးပို့စေခြင်း၊ ဟု ပြည့်စုံစွာ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ဧည့်စာရင်း မှတ်ပုံတင်ခြင်းအတွက် နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ် (၄) ၏ နောက်ဆက်တွဲ ပုံစံအဖြစ် အ/ပုံစံ-၄ တွင်လည်း အသေးစိတ် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဧည့်စာရင်းတိုင်ကြားစေခြင်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးကိစ္စရပ်များအတွက် များစွာ အထောက်အကူပြုသည့် စာရင်းဇယားမှတ်တမ်းထားရှိခြင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရပ်ရွာအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းတစ်ရပ်ဖြစ်ပွားပါက အမြန်ဖော်ထုတ်ဆောင်ရွက်နိုင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး တို့ကို အထောက်အကူပြုသည် သာမက သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ဇီဝကပ်ဘေးအန္တရာယ် တစ်ရပ်ရပ် ကျရောက်သည့်အခါများတွင်လည်း တိကျသည့် လူဦးရေ အရေအတွက်ကို အထောက်အထားပြု၍ ဆောင်ရွက်နိုင်သည့် အားသာချက်များရှိနေခြင်းကြောင့် ဧည့်စာရင်း တိုင်ကြားခြင်း လုပ်ငန်းစဉ်များကို လတ်တလော အခြေအနေတွင် ပယ်ဖျက်ရန် မသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဦးဇုန်လှယ်ထန်းက ယင်း၏ အကြံပြုဆွေးနွေးချက်များကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၇၊ နည်းဥပဒေခွဲ(က)အရ ပြင်ဆင်ချက်အဆိုအဖြစ် တင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ခံယူကြောင်း တင်ပြထားပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ အကြံပြုဆွေးနွေးချက်သည် လတ်တလော ဆောင်ရွက်ရန် မသင့်မြတ်ပါသဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အတည်ပြု ဆောင်ရွက်ခြင်းမပြုဘဲ မူလဥပဒေ

အတိုင်းသာ ဆက်လက်ထားရှိရန် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အရ ယင်း ဥပဒေကြမ်းအပေါ် အတည်ပြုဆောင်ရွက်ခြင်း မပြုဘဲ မူလတည်ဆဲဥပဒေအတိုင်းသာ ဆက်လက်ထားရှိရန် လွှတ်တော်က အဆုံးအဖြတ် ပြုသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြလာသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပါ့မယ်။

ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆွေးနွေးဖို့တော့ မရှိတော့ဘူး။ ခင်ဗျား သဘောမတူတဲ့ဟာကို ကျွန်တော်တို့ ခင်ဗျား သဘောမတူဘူး ဆိုတဲ့ဟာပဲပြောလေ။ ဘယ်ဟာကို သဘောမတူတာလဲ။ ခင်ဗျားတို့ ဥပဒေကြမ်းကော်မတီနဲ့လည်း တွေ့ပြီးပြီလေ။ ဘာကြောင့် သဘောမတူတာလဲပဲ ပြောပါ။ ထပ်ပြီးတော့ ဆွေးနွေးမယ့်အဆင့် မဟုတ်တော့ပါဘူး။ ဟုတ်ကဲ့။ ပြောပါ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေကြမ်းကော်မတီရဲ့ လေ့လာသုံးသပ်ချက်ကို နည်းနည်း ဘာကြောင့် မဆီလျော်တာလဲဆိုတာ ပြောချင်ပါတယ်။ သူက လုံခြုံရေးလို့ ပြောပါတယ်။ ဒီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဆီမှာ ဧည့်စာရင်း တိုင်ကြားလို့ ပြည်သူတွေ လုံခြုံတာ မဟုတ်ပါဘူး။ ဒါ မလုံခြုံအောင် လုပ်တာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါ တိုင်ကြားရမယ်ဆိုတဲ့ ဥပဒေ ပြစ်မှု(၇)ရက်အထိ ထောင်ဒဏ်ကျနိုင်တဲ့အတွက် သွားလာရေးကို ဒီအနှောင့်အယှက် ဖြစ်စေပြီးတော့ ပြည်သူတွေကို နေရင်းထိုင်ရင်းနဲ့ မလုံခြုံအောင် လုပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒါ သူတို့ရဲ့ လေ့လာတွေ့ရှိချက် မမှန်ကန်တဲ့ အကြောင်းပေါ့။ အဲဒါကို တင်ပြချင်ပါတယ်။ ပြီးတော့ သူတို့ပြောတဲ့ ဒီမှုခင်းဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း၊ မှုခင်းတစ်ရပ်ဖြစ်ပါက အမြန်ဖော်ထုတ်ဆောင်ရွက်နိုင်ခြင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး အဲဒါတွေကို သူတို့ ပြောတဲ့ဟာက ဒါက အုပ်ချုပ်ရေးမှူးနဲ့ ဒီရဲတွေရဲ့တာဝန်တွေ ဖြစ်ပါတယ်။ ဒီအစိုးရရဲ့ အလုပ်ကို သူတို့ လစာရတဲ့သူတွေက သူတို့က ကျေကျေပွန်ပွန်လုပ်ရမှာ သူတို့တာဝန် ဖြစ်ပါတယ်။ သူတို့အလုပ်အတွက် ပြည်သူတွေကို ဒုက္ခပေးနေလို့ မသင့်ပါဘူး။ အဲဒါတွေ ပြီးတော့ ဒါကြောင့် အခု ကျွန်တော်

ဒုတိယဥက္ကဋ္ဌကြီး ဆီကနေတစ်ဆင့် ဒီလွှတ်တော်ကြီးကို တင်ပြချင်တာက ဥပဒေကြမ်းကော်မတီက ဘာပဲပြောပြော ကျွန်တော်တို့ လွှတ်တော်ကြီးက ကျွန်တော်တို့ အဆုံးအဖြတ် မပြုသင့်ပါဘူး။ ကျွန်တော်တို့က ဒီဥပဒေက ပြည်သူကို အဓိကထားတဲ့ ဥပဒေလား။ အုပ်ချုပ်ရေးယန္တရားအတွက် ဒါပြည်သူတွေကို လွယ်ကူအောင် လုပ်ပြီးတော့ ပြည်သူတွေကို နှိပ်စက်နေတဲ့ ဥပဒေလား ဆိုတာကို လွှတ်တော်က အဆုံးအဖြတ် ပေးသင့်ပါတယ်။ အဲဒါကြောင့် ဒါကို ဒုတိယဥက္ကဋ္ဌကြီး ကတစ်ဆင့် အဆုံးအဖြတ်ပြုတဲ့ အချိန်မှာ ဒီလွှတ်တော်ကိုယ်စားလှယ်တွေက ထပ်ဆင့်ပြီးတော့ စဉ်းစားပေးပါလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဇုန်လှယ်ထန်း လည်း သိပါတယ်။ ဒီရပ်ကွက် အုပ်ချုပ်ရေးဥပဒေကို။ ကျွန်တော်တို့ရေးဆွဲခဲ့တာ။ ကျွန်တော်တို့ ရေးဆွဲခဲ့တုန်းက ဒီဧည့်စာရင်းကို တိုင်တာသည် ဦးဇုန်လှယ်ထန်း လည်း ဆွေးနွေးတယ်လို့ ကျွန်တော်မှတ်မိပါတယ်။ နိုင်ငံခြားမှာနော်၊ ဥရောပမှာ၊ အမေရိကမှာ မရှိပါဘူးတဲ့။ နော် အဲဒီတော့ ကျွန်တော်တို့က ဆွေးနွေးကြတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံမှာ နော် အမေရိကန်သားလည်း မဟုတ်ဘူး။ ဥရောပနိုင်ငံသားလည်း မဟုတ်ဘူး။ သို့သော် ကျွန်တော်တို့က ခုနက ဦးဇုန်လှယ်ထန်း ဒါလည်း ကိုယ်စားလှယ်တွေ သိအောင်လို့ တင်ပြတာပါ။ ပြည်သူကို ကျွန်တော်တို့ နှိပ်စက်တာ မဟုတ်ဘူး။ ပြည်သူကို ကာကွယ်ပေးတာ။ ဒါ တကယ်တွက်ရင်။ ကိုယ့်ရပ်ရွာမှာ ဧည့်စာရင်း၊ လူတစ်ယောက်ဝင်လာမယ် နော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ကျွန်တော်တို့ အာဏာအပ်ထားတယ်။ လူတစ်ယောက် ဝင်လာတယ်။ ညအိပ်သွားမယ်။ ဘာလုပ်သွားမှန်းမသိဘူး။ ရပ်ရွာမှာဝင်ပြီးတော့ ဟုတ်လား လူစိမ်းတရံ ဝင်သွားပြီးတော့ ဟုတ်လား၊ ဓားပြတိုက်ဖို့ ကြံတာလား၊ ကျေးရွာတွေမှာ။ နော် အနုကြမ်းစီးဖို့ ကြံတာလား။ ဘာလုပ်ဖို့ကြံတာလဲ ဆိုတဲ့ဟာကို သူတို့ကို ဘာမှ ဟိုဟာဖြစ်တာ မဟုတ်ဘူး။ ဒါလေးတော့ ဧည့်စာရင်းတိုင်လိုက်ပါ။ တိုင်လိုက်ရင်ပြီးသွားပြီလေ။ အဲဒါကို ပြည်သူတွေကို ဒုက္ခပေးတယ်လို့တော့ ကျွန်တော်တို့ ဥပဒေကြမ်း အဲဒီဥပဒေရေးဆွဲတဲ့အချိန်က အဲဒီလို ရည်ရွယ်ချက်မရှိပါဘူး။ နောက်တစ်ကြောင်း ပြည်သူတွေကို တစ်နည်းအားဖြင့် ပြည်သူ့ရဲ့ အသက် အိုးအိမ် စည်းစိမ်ကို ကျွန်တော်တို့ မကာကွယ် ပေးတဲ့အတွက် ဒီဟာကို ပြဋ္ဌာန်းချက်ကို ထည့်ထားခြင်း ဖြစ်ပါတယ်လို့ ကျွန်တော် ရှင်းလင်းလိုပါတယ်။ အဲဒီတော့ ဦးဖုန်းမြင့်အောင် ပြောပါ။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေ ပြင်ဆင်ချက်အဖြစ် ကျွန်တော် အမျိုးသားလွှတ်တော် နည်းဥပဒေနဲ့ အတူ စနစ်တကျ တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ကလည်း ဆွေးနွေးစဉ်းစားဖို့ လက်ခံပြီးတော့မှ ဒီနေ့ဒီအချိန်ထိအောင် ရောက်တာဖြစ်ပါတယ် ခင်ဗျား။ ဒီဥပဒေ ပြင်ဆင်ချက်ကို ကျွန်တော် တင်ရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်တွေကို (၁၈)နှစ်ပြည့်တိုင်း တစ်ဦးတစ်မဲစနစ်နဲ့ ရွေးချယ်တဲ့စနစ် ကျင့်သုံးခဲ့ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ပတ်သက်လို့ ရွေးချယ်တဲ့အခါမှာ အိမ်ထောင်စုတစ်ခုကို တစ်မဲအဖြစ် အခြေခံပါတယ်။ ဒီဟာ အိမ်ထောင်စုတစ်ခုကို တစ်မဲအဖြစ် လုပ်တဲ့ဟာက ဘဏ္ဍာငွေကြေး အရရော၊ စီမံခန့်ခွဲမှုအရရော သာလွန်ချက်ရှိတာတွေ ကျွန်တော် လက်ခံပါတယ်။ ဒါကြောင့် ကျွန်တော်တို့က တစ်အိမ်ထောင် တစ်မဲစနစ်နဲ့ကို ဒါရိုက် ရပ်ကွယ်အုပ်ချုပ်ရေးမှူးကို ကျွန်တော်တို့ ရွေးချယ်ခွင့်ပြုဖို့အတွက် ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။ အခု လက်ရှိ ဥပဒေက တစ်အိမ်ထောင် တစ်မဲစနစ်နဲ့ တိုက်ရိုက်ရွေးချယ်ခွင့် မပြုဘဲနဲ့ အဲဒီအိမ်ထောင်စု တစ်အိမ်ထောင်တစ်မဲကနေပြီးတော့ (၁၀)အိမ်ထောင်စုကို တစ်မဲ၊ ပြီးတော့မှ

(၁၀)အိမ်ထောင်စု ကိုယ်စားလှယ်ကနေပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးရတဲ့ဟာက ကျွန်တော်တို့ တစ်ဆင့်တည်း သွားရမယ့်ကိစ္စကို နှစ်ဆင့်နဲ့သွားရသလို ဖြစ်နေပါတယ်။ နောက်တစ်ခု အဓိကအချက် ဖြစ်တဲ့ (၁၀)အိမ်ထောင်စု ကိုယ်စားလှယ်ရွေးချယ်ပွဲနဲ့ ပတ်သက်လို့ကတော့ ဥပဒေပါအတိုင်း လျှို့ဝှက်မဲနဲ့ မလုပ်နိုင်တာတွေ၊ အလွယ်တကူ လုပ်တဲ့ဟာတွေ၊ နောက်ပြီး ကျွန်တော်တို့ ပုဂ္ဂိုလ်ရေး ခင်မင်မှု၊ မျက်နှာ နာမှု အားနာပြီးတော့ လျှို့ဝှက်မဲမဟုတ်တာတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြတဲ့ ဥပဒေဟာ ခက်နေတာကို လွယ်အောင်လုပ်နေတဲ့ ဥပဒေပါ။ တစ်အိမ်ထောင်တစ်မဲစနစ်ကို ဒါရိုက် ကျွန်တော်တို့ ပေးခြင်းအားဖြင့် ကျွန်တော်တို့ စီမံခန့်ခွဲရေးနည်းအရရော၊ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ရော တိုက်ရိုက် ရပ်ကွက် အုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့စနစ်ကိုရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် ရွာတောင်ပိုင်းမှာနေတဲ့ ရှင်ဂွမ်းဂွိ က ရွာမြောက်ပိုင်းမှာနေတဲ့ ကိုသာအေး ကို မဲပေးနိုင်ဖို့ အတွက် ကျွန်တော်တို့ တင်ပြရခြင်း ဖြစ်ပါတယ်။ အခုလက်ရှိအနေအထားအရ ဆယ်အိမ်ထောင်စုထဲမှာ ရှိတဲ့ မူးမူးရူးရူးကိုပဲ ရှိရင်လည်း မူးမူးရူးရူးကိုပဲ မဲပေးနိုင်တဲ့အဆင့် ဖြစ်တဲ့အတွက် ကျွန်တော် တင်သွင်း ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ ဥပဒေပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကြီးက လက်ခံ ဆုံးဖြတ်ပေးပါလို့ ကျွန်တော် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း ကော်မတီရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုရန်အတွက် ကျွန်တော်တို့ သဘောမတူသူ ဦးဇုန်လှယ်ထန်း၊ ဦးဖုန်းမြင့်အောင် တို့က ကျွန်တော်တို့ သဘောမတူတဲ့အတွက် ဒါကို ကျွန်တော်တို့ စက်ခလုတ် အသုံးပြု ပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ဆန္ဒပြုတဲ့နည်းနဲ့ ရယူမှာဖြစ်ပါတယ်။

အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါက ထောက်ခံမဲပေးပြီးတော့ သဘောမတူပါက ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၄၇)မဲ၊ ကန့်ကွက်မဲ(၁၈)မဲ၊ ကြားနေမဲ(၇)မဲဖြစ်တဲ့အတွက်၊ ထောက်ခံမဲများတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည်ဖော်ရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ကော်မရှင်၏ အစီရင်ခံစာကို ဖတ်ကြားခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသား လွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်

အထည်ဖော်ရေးကော်မရှင်ရဲ့ အစီရင်ခံစာကို ကော်မရှင်က ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။ ကော်မရှင်က ဖတ်ကြားတဲ့အခါမှာ စင်ပေါ်မှာ တက်ပြီးတော့ ဖတ်ကြားပေးပါ။

**အချိန်၊ ၁၁း၅၆။**

**ဦးမန်းကံညွန့် (ကော်မရှင်အဖွဲ့ဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ကော်မရှင်အဖွဲ့ဝင်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည်ဖော်ရေး ကော်မရှင် အဖွဲ့ဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။ ယခု အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် ကော်မရှင်၏ အစီရင်ခံစာကို အပိုင်းနှစ်ပိုင်းခွဲ ဖတ်ကြားသွားမှာ ဖြစ်တဲ့အတွက် ပထမပိုင်းကို ကျွန်တော် ဖတ်ကြားတင်ပြသွားပါမယ်။

အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် ကော်မရှင်၏အစီရင်ခံစာ

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခုနှင့် ပြည်ထောင်စုနယ်မြေ တို့ဖြင့် ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော ပြည်ထောင်စုကြီး ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏အချုပ်အခြာအာဏာ ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲ၍ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းလျက် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံး အကောင်အထည်ဖော်လျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင်လွှတ်တော်များ၏ သက်တမ်းသည် (၅)နှစ်ဖြစ်ရာ လွှတ်တော်ရွေးကောက်ပွဲများဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို (၅)နှစ်တစ်ကြိမ် ကျင်းပရမည် ဖြစ်ပါသည်။ လွှတ်တော်ရွေးကောက်ပွဲများ၌ ကျင့်သုံးသော နည်းစနစ်ပုံစံသည်လည်း ရှေးယခင်ကပင် ကျင့်သုံးခဲ့သော မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ပင် ဖြစ်ပါသည်။

၂။ ကမ္ဘာ့နိုင်ငံများ၏ အထွေထွေရွေးကောက်ပွဲများကို လေ့လာကြည့်ပါက မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထား၊ လူနေမှုပုံစံ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် လူမျိုးရေး စရိုက်လက္ခဏာတို့ အရ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် ရွေးကောက်ပွဲပုံစံတို့ကို ရွေးချယ်ကျင့်သုံးကြသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများ၌ ရွေးကောက်ပွဲသည် မရှိမဖြစ် လိုအပ်သကဲ့သို့ ရွေးကောက်ပွဲကျင်းပသည့် နည်းစနစ်ပုံစံသည်လည်း သက်ဆိုင်ရာ နိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီမှန်ကန်ရန် အရေးကြီးကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သက်ဆိုင်ရာ လွှတ်တော်များသို့ အမတ် ဟု ခေါ်သည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပုံ နည်းစနစ်သည် သက်ဆိုင်ရာ နိုင်ငံ၏အနာဂတ် နိုင်ငံရေးအပေါ် လေးနက်သော အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သဖြင့် ရွေးကောက်ပုံနည်းစနစ်ကို မှန်ကန်စွာ ရွေးချယ်ကျင့်သုံးနိုင်ရန်

အထူးအလေးထား စဉ်းစားဆောင်ရွက်ကြပါသည်။ ကိုယ်စားလှယ်လောင်းများအနက် မဲဆန္ဒရှင်များက မိမိတို့ကြိုက်နှစ်သက်သော ယုံကြည်ကိုးစားထိုက်သူ (လူတော်လူကောင်း) ကို စိစစ်ရွေးချယ်သည့် ရွေးကောက်ပွဲသည် အမှန်တကယ် တရားမျှတမှု၊ လွတ်လပ်မှုရှိရန် အရေးကြီးသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာ၌ ကျင့်သုံးလိုက်နာရသည့် ဆန္ဒမဲပေးပုံ နည်းစနစ်သည်လည်း ဒီမိုကရေစီနည်းလမ်းကျရန် ထပ်တူထပ်မျှ အရေးပါလျက်ရှိပါသည်။

၄။ ရွေးကောက်ပွဲနည်းစနစ် သို့မဟုတ် ရွေးကောက်ပွဲပုံစံကို ရွေးချယ်ရာ၌ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန်သာမက ပြည်သူ့ကိုယ်စားပြု ဒီမိုကရေစီကို ပိုမိုထင်ဟပ်ဖော်ဆောင်နိုင်ရန်အတွက် အလေးထားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်သည် မဲဆန္ဒရှင်များအတွက် ကြုံတွေ့ဖြတ်သန်းခဲ့ပြီးသော စနစ်ဖြစ်၍ လွယ်လင့်တကူတက်သုတ်ရိုက် ပြောင်းလဲပစ်ရန် မသင့်သကဲ့သို့ ပိုမိုကောင်းမွန်သော နည်းစနစ်တစ်ရပ်ကိုလည်း စိုးရိမ်ကြောင့်ကြမှုများကြောင့် ပြောင်းလဲကျင့်သုံးရန် တုံ့ဆိုင်းမနေသင့်ဘဲ ပြောင်းလဲသင့်သည်များကို ပြောင်းလဲကျင့်သုံးသင့်ပါသည်။

၅။ ထို့ကြောင့် အမျိုးသားလွှတ်တော်က မိမိ၏ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် မိမိနိုင်ငံ၊ မိမိတိုင်းရင်းသားလူမျိုးများ၏ ရေရှည်အကျိုးစီးပွားအတွက် ရည်မျှော်၍ ပုံဖော်ကြည့်သည့် ရဲရင့်သော ချိန်ကိုက်ခြေလှမ်းဖြစ်သည်ဟု သုံးသပ်ရရှိပါသည်။

၆။ ကော်မရှင်ကလေ့လာအဆိုပြုရာ၌ ကျင့်သုံးမည့် PR ပုံစံသည် တတ်နိုင်သမျှ ရှင်းလင်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဘောင်အတွင်းမှပင် ဖြစ်စေရန်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်မည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား လုပ်ငန်းပိုင်းအရ အထောက်အကူပြုစေရန်လည်းကောင်း၊ မဲဆန္ဒရှင်များအတွက် ရှုပ်ထွေးမှုမရှိစေရန်လည်းကောင်း ဦးတည်ပါကြောင်း တင်ပြအပ်ပါသည်။

ရွေးကောက်တင်မြှောက်ပုံ နည်းစနစ်များ

၇။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော ရွေးကောက်ပုံနည်းစနစ်များတွင် အခြေခံအားဖြင့် အောက်ပါနည်းစနစ်(၂)မျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) မဲအများဆုံးရသူ အနိုင်ယူစနစ် (First Past the Post System, FPTP)

(ခ) အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System, PR)

FPTP စနစ်

၈။ မဲအများဆုံးရသူအနိုင်ယူစနစ် FPTP စနစ်သည် မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ယှဉ်ပြိုင်သူများအနက် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်တစ်ဦးတည်းကိုသာ ရွေးကောက်တင်မြှောက်သော စနစ်ဖြစ်ပြီး မိမိနိုင်ငံ၌ ယခင် ကိုလိုနီခေတ်မှစ၍ ယခုတိုင် လက်ရှိကျင့်သုံးလျက်ရှိသော စနစ်ဖြစ်ပါသည်။

၉။ ထို့ကြောင့် မိမိတို့သည် ယင်းရွေးကောက်ပွဲစနစ်အား ဒီမိုကရေစီရွေးကောက်ပွဲ၏ သဘာဝအကျဆုံးပုံစံမျိုးအဖြစ် သာမန်အားဖြင့် နားလည်သဘောပေါက်လျက်ရှိကြသည် သာမက ကမ္ဘာ့နိုင်ငံတိုင်းနီးပါး၌ ကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်ဟုလည်း ယူဆလျက်ရှိကြပါသည်။ ဤသို့ ဖြစ်ရသည်

မှာလည်း ရွေးကောက်ပွဲနှင့် ကာလရှည်ကြာ အလှမ်းဝေးနေမှုကြောင့်လည်းကောင်း၊ ရွေးကောက်ပုံနည်းစနစ်မျိုးမျိုးကို ဆန်းစစ်လေ့လာရာ၌ အားနည်းမှုရှိနေခြင်းကြောင့်လည်းကောင်း ဖြစ်နိုင်သည့် အကြောင်းအချက်များ အဖြစ်သုံးသပ်ရရှိပါသည်။

၁၀။ FPTP စနစ်၌ရော PR စနစ်၌ပါ အားသာချက်များနှင့်အတူ အားနည်းချက်များလည်း ဒွန်တွဲလျက်ရှိနေကြပါသည်။ ယခုအခါတွင် ရွေးကောက်ပွဲများ၌ ပြည်သူ့ဆန္ဒများကို အသိအမှတ်ပြုနိုင်ရေး၊ ဒီမိုကရေစီကျင့်စဉ်ကို ပိုမိုအထောက်အကူပြုနိုင်ရေးတို့အတွက် PR စနစ်သည် ပိုမိုသင့်မြတ်သည် ဟုလည်းကောင်း၊PR စနစ်သည် မဲဆန္ဒရှင်ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ပြီး ယှဉ်ပြိုင်ဘက် ပါတီများအနေဖြင့်လည်း မျှတသော ကိုယ်စားလှယ်ခွဲဝေမှု ရရှိစေနိုင်ပါသည် ဟု လည်းကောင်း ခိုင်မာစွာ ထောက်ခံတင်ပြလာကြပြီ ဖြစ်ပါသည်။

၁၁။ လက်တွေ့ကြုံတွေ့ရသော ဖြစ်ရပ်များကလည်း FPTP စနစ်၏ မပြည့်စုံနိုင်မှုများကို ပိုမိုမီးမောင်းထိုးပြလျက်ရှိပါသည်။ ဥပမာ - မဲဆန္ဒနယ်တစ်နယ်တွင် ယှဉ်ပြိုင်သူ(၃)ဦးနှင့်အထက် ရှိလာပါက ဆန္ဒမဲများ ပြန့်သွားပြီး မဲအများဆုံးရသည့် မဲနိုင်သူမှာလည်း မဲဆန္ဒရှင် အနည်းစု၏ မဲဖြင့်သာ ရွေးကောက်ခံရခြင်းမျိုး ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ မဲဆန္ဒရှင်များ၏ ထက်ဝက်ကျော် ထောက်ခံမဲဖြင့် ရွေးကောက်ခံသူများရှိသော်လည်း ရှားပါးသည် ဟု ဆိုနိုင်ပါသည်။ ရှုံးနိမ့်သွားသည့် ကိုယ်စားလှယ်လောင်းများကို ထောက်ခံမဲပေးခဲ့ကြသော ပြည်သူများ၏ ဆန္ဒမဲများသည် အဟောသိကံ အကျိုးမဲ့ရလဒ်မဲ့ ဖြစ်သွားရပါသည် ဟု သုံးသပ်ဝေဖန်လာကြပါသည်။ အရွေးခံရသည့် အနိုင်ရရှိသူသည်လည်း နှာတစ်ဖျား မဲအသာဖြင့်ပင် အနိုင်ရသူဖြစ်၍ မဲဆန္ဒရှင်အများစုကို ကိုယ်စားပြုသည် ဟု ခိုင်ခိုင်မာမာ ပြောရန် အားနည်းစေသည်မှာ အမှန်ဖြစ်ပါသည်။

၁၂။ ထို့ထက်ဆိုးသည့် အခြေအနေမှာ ကိုယ်စားလှယ်လောင်းများက မဲဆန္ဒရှင်များကို မဲဆွယ်စည်းရုံးကြရာ၌ အများကြိုက်အောင် ပြောဆိုကြပြီး အရေးပါသည့် သူ့ဖက်ကိုယ့်ဖက် အခြေအတင်ပြောဆိုရမည့် မူဝါဒဆိုင်ရာ ပြဿနာများကို ထုတ်ဖော်ပြောဆိုခြင်းမျိုး မပြုလုပ်ကြတော့ခြင်း ဖြစ်ပါသည်။ အဓိကမှာ မိမိကိုထောက်ခံမည့်မဲများ မဆုံးရှုံးရအောင် ထိရှလွယ်သော အကြောင်းရပ်များကိုရှောင်ရှား၍ မိမိတို့၏ နိုင်ငံရေးခံယူချက်များကို ဖုံးဖိပြောကြားလေ့ရှိကြခြင်း ဖြစ်ပါသည်။ FPTP စနစ်အောက်၌ ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များ၏ဆန္ဒကို မျှတစွာ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားမပြုနိုင်သကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်နိုင်ငံရေး သဘောထားခံယူချက်များကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုရာ၌ အားနည်းစေပါသည်။

၁၃။ ထို့ပြင် ရွေးကောက်ပွဲစနစ်အရ လွှတ်တော်ကိုယ်စားလှယ် နေရာအများဆုံးရပြီး သမ္မတရွေးချယ်ခြင်း၊ အစိုးရဖွဲ့ခြင်း တို့ကို အနိုင်ရပါတီက ဆောင်ရွက်သည့်အခါ ပြည်သူအများစု၏ ထောက်ခံမဲဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကျင့်သုံးသော ရွေးကောက်ပွဲနည်းစနစ်ကြောင့်သာ အနိုင်ရပြီး ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ ပြည်သူအများစု၏ ဆန္ဒသဘောထားကို အမှန်တကယ် ကိုယ်စားပြုခြင်း ဟုတ်မဟုတ် မေးခွန်းထုတ်ဖွယ်ရာ အားနည်းမှုနှင့် ကြုံတွေ့လာရပါသည်။ ခြုံလိုက်ပါက FPTP စနစ်သည် -

(က) မဲဆန္ဒရှင်အများအပြား၏ ကိုယ်စားပြုမှုကို မျှတစွာ မဖော်ဆောင်နိုင်ခြင်း၊

(ခ) အများပြည်သူတို့၏ ဆန္ဒပြုမှုကို စုံလင်စွာ မဖော်ဆောင်နိုင်ခြင်း၊ နိုင်သူနှင့် ရှုံးသူအကြား လူထုထောက်ခံမှုအတွက် အငြင်းပွားဖွယ် ဖြစ်ရခြင်း၊

(ဂ) ပါတီငယ်များ၊ လူနည်းစုများနှင့် အမျိုးသမီးများ၏ ယှဉ်ပြိုင်နိုင်အားကို ယုတ်လျော့စေခြင်း၊ ပါတီကြီးများ၏ လွှမ်းမိုးမှုဒဏ်ကို ခံစားရခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းများအကြား အများကြိုက်မည့် အကြောင်းအရာများကိုသာ ထုတ်ဖော်ပြောကြားစေသည့်အလေ့ ပေါ်ပေါက်လာစေခြင်း၊

(င) ရွေးကောက်ပွဲ၌ဆန္ဒမဲပေးသူ များလာစေသည်ထက် မဲပေးသည့်ဦးရေ နည်းပါးလာစေခြင်း၊ မဲခိုးမှုများ၊ မသမာမှုများ ဖြစ်ပေါ်စေခြင်း စသော လက်တွေ့အားနည်းချက်များကို ကြုံတွေ့လာစေပါသည်။

PR စနစ်

၁၄။ အများစုသည် ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး လူတိုင်းလူတိုင်းသည်လည်း ကိုယ်စားပြုခွင့်ရှိသည်ဆိုသည့် အချိုးကျကိုယ်စားပြုစနစ် PR ၌လည်း FPTP စနစ်နှင့် နှိုင်းယှဉ်ပါက အားနည်းချက်နည်းသည်ဟု ဆိုသော်လည်း ပြည့်စုံမှုမရှိနိုင်သဖြင့် အားနည်းချက်များရှိနေမည်မှာ အမှန်ဖြစ်ပါသည်။ သို့ရာတွင် PR စနစ်သည် အများပြည်သူကို ပိုမိုကိုယ်စားပြုခြင်းနှင့် ဒီမိုကရေစီ ပီပြင်ခြင်းတို့ကို ပိုမိုဖော်ဆောင်နိုင်သည်ဟု ကောက်ချက်ချနိုင်ပါသည်။ PR စနစ်အရ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် ယှဉ်ပြိုင်သူ အများပါဝင်သည့် မဲဆန္ဒနယ် (Multi Member Constituentcy) သတ်မှတ်အသုံးပြုရပါသည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်စီတွင် ကိုယ်စားလှယ်တစ်ဦးကျစီ (Single Member Constitutentcy) ရွေးကောက်ရသော်လည်း၊ PR စနစ်အရ ပိုမိုကြီးမားကျယ်ပြန့်သော မဲဆန္ဒနယ်များ၌ အနည်းဆုံးကိုယ်စားလှယ်နေရာ (၂)နေရာထက်ပိုသော နေရာများအတွက် ကိုယ်စားလှယ်လောင်း အများအပြားကို ယှဉ်ပြိုင်စေပြီး မဲဆန္ဒရှင်ပြည်သူ့စိတ်ကြိုက် ရွေးချယ်ရခြင်း ဖြစ်ပါသည်။ ဥပမာ - အစ္စရေးနှင့် နယ်သာလန် နိုင်ငံများ၌ တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်ခုတည်းအဖြစ် သတ်မှတ်၍ ကိုယ်စားလှယ်လောင်းများကို ယှဉ်ပြိုင်စေ ပါသည်။ နိုင်ငံရေးပါတီများကို ကိုယ်စားပြုသူများသာမက တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် လောင်းများ သည်လည်း PR စနစ်အရ ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

၁၅။ စနစ်ပိုင်းဆိုင်ရာ အခြေခံသဘောတရားအရ FPTP စနစ်နှင့် PR စနစ်တို့အကြား အဓိက ကွာခြားမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း စိစစ်တင်ပြအပ်ပါသည် -

(က) မဲဆန္ဒနယ်ကွာဟမှု။ FPTP စနစ်၌ ကိုယ်စားလှယ်တစ်ဦးဦးစီ ရွေးကောက်ခွင့် ရှိသည့် မဲဆန္ဒနယ်များ (Single Member Constituentcy) သတ်မှတ်ကျင့်သုံးခြင်းဖြစ်ပြီး PR စနစ်၌ ကိုယ်စားလှယ်တစ်ဦးထက်မက ပိုမိုသောကိုယ်စားလှယ်များ ရွေးကောက်ခွင့်ရှိသည့် မဲဆန္ဒနယ်များ (Multi Member Constituentcy) သတ်မှတ် ကျင့်သုံးခြင်း ဖြစ်ပါသည်။

(ခ) PR စနစ်၌ မဲဆန္ဒနယ်များ၏ အရွယ်အစားသည် ရွေးချယ်ရမည့် ကိုယ်စားလှယ်ဦးရေများသည်နှင့်အမျှ အရွယ်အစား ကြီးမားခြင်း ဖြစ်ပါသည်။

(ဂ) လူပုဂ္ဂိုလ်နှင့် ပါတီအဖွဲ့အစည်းတို့ကို ရွေးချယ်မဲပေးရာ၌ ကွာခြားခြင်း။ FPTP စနစ်၌ မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်ရသည်ဖြစ်၍ နောက်ခံပါတီ

အသီးသီးရှိမည် ဖြစ်သော်လည်း မဲဆန္ဒရှင်များက လူပုဂ္ဂိုလ်ကိုသာ အဓိကရွေးချယ်ရခြင်းဖြစ်ပြီး PR စနစ်၌ နှစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို မဲဆန္ဒနယ်အလိုက် ရွေးချယ်ရခြင်းဖြစ်၍ မဲဆန္ဒရှင်များက လူပုဂ္ဂိုလ်အပြင် နောက်ခံပါတီကိုပါ ထည့်သွင်းစဉ်းစား အလေးထား ရွေးချယ်မဲပေးရခြင်း ဖြစ်ပါသည်။

(ဃ) ဆန္ဒမဲအရေအတွက်၏ အကျိုးသက်ရောက်မှုမတူခြင်း။ FPTP စနစ်၌ ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိသော ဆန္ဒမဲအရေအတွက်သည် ထိုကိုယ်စားလှယ်လောင်းအတွက် အနိုင်အရှုံးအဖြစ် သတ်မှတ်ခြင်းဖြစ်ပြီး PR စနစ်၌ ကိုယ်စားလှယ်လောင်းများ ရရှိသော ဆန္ဒမဲအရေအတွက်သည် ထိုကိုယ်စားလှယ် ကိုယ်စားပြုသော ပါတီအတွက်ရရှိသော ဆန္ဒမဲများအဖြစ် စုစည်းသတ်မှတ်ခြင်းဖြစ်ရာ ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် အနိုင်အရှုံးမဲများ မဟုတ်ဘဲ ၎င်းပါတီတို့အတွက် စုဆောင်းပေးသော မဲအရေအတွက်အဖြစ် ပြောင်းလဲရေတွက်ခြင်းမျိုး ဖြစ်ပါသည်။

(င) ပါတီအလိုက် စုစုပေါင်းရရှိသော မဲအရေအတွက်ပေါ် မှီတည်၍ ကိုယ်စားလှယ်ဦးရေကို အချိုးကျမျှတစွာ ခွဲဝေပေးခြင်းသည် PR စနစ်၏ အခြေခံအချက်ဖြစ်ပြီး FPTP စနစ်နှင့်မတူ ကွဲပြားခြားနားပါသည်။

၁၆။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပါတီများ အပါအဝင် ပါတီငယ်များအတွက် FPTP စနစ်ကဲ့သို့ပင် PR စနစ်၌လည်း ယှဉ်ပြိုင်နိုင်အားရှိစေရန် မဲဆန္ဒနယ်များကို နယ်မြေအခြေအနေပေါ် မှီ၍ သင့်မြတ်သလို သတ်မှတ်ပေးနိုင်သည့် အခွင့်အလမ်းများရှိပြီး ဖြစ်သည့်အပြင် ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် အမျိုးသမီးများ ပါဝင်လာနိုင်စေရန် ဖန်တီးနိုင်သော အခွင့်အလမ်းများလည်း ရှိပြီးဖြစ်သည် ဟု သုံးသပ်ရရှိပါသည်။

၁၇။ PR စနစ်၌ ကြုံတွေ့နိုင်သော အားနည်းချက်များမှာ FPTP စနစ်လောက်မများသော်လည်း စိစစ်လေ့လာပါက အောက်ပါအားနည်းချက်များလည်း ရှိနိုင်ကြောင်း လေ့လာသုံးသပ်တွေ့ရှိပါသည် -

(က) မဲဆန္ဒနယ်တစ်ခုတည်း၌ ကိုယ်စားလှယ်လောင်း အများအပြားကို ရွေးကောက်ရမည် ဖြစ်၍ မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်များအကြား ထိတွေ့ဆက်သွယ်မှုနှင့် တာဝန်ခံနိုင်မှု အားနည်းနိုင်ခြင်း၊

(ခ) မဲဆန္ဒရှင်များက ကိုယ်စားလှယ်များကို တာဝန်မှုပြန်လည်ရုပ်သိမ်းလိုပါက အခက်အခဲရှိနိုင်ခြင်း၊

(ဂ) ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်၏ တာဝန်ယူရမည့်လုပ်ငန်းများ ပိုမိုအသေးစိတ်ပြီး များပြားလာခြင်း၊

(ဃ) မဲဆန္ဒနယ် အရွယ်အစားအပေါ် မူတည်၍ ပါတီအဖွဲ့အစည်းအလိုက် ရရှိသောထောက်ခံဆန္ဒမဲနှင့် အချိုးကျရရှိမည့် ကိုယ်စားလှယ်ဦးရေကို ချိတ်ဆက်ထားသည့်အတွက် မဲဆန္ဒနယ်မြေ ကျယ်လွန်းပါက လူသိနည်းသော ပါတီငယ်များအတွက် ကိုယ်စားလှယ် ရရှိနိုင်သော အခွင့်အရေးကို ထိခိုက်လာနိုင်ခြင်း၊

(င) လွှတ်တော်အတွင်း၌ မည်သည့်ပါတီကမျှ အပြတ်အသတ် ကိုယ်စားလှယ်ဦးရေ အများစုမရရှိနိုင်၍ နိုင်ငံရေးပါတီ အချင်းချင်း အပေးအယူ ညှိနှိုင်းမှုများကို အချိန်ယူ ဆောင်ရွက်ရခြင်း၊ ထိုမှတစ်ဆင့် လွှတ်တော်တွင်း၌ နိုင်ငံရေးပါတီကြီးများ၏ တည်ငြိမ်မှုနှင့် ခေါင်းဆောင်မှုကို ထိခိုက်စေနိုင်ခြင်း၊

၁၈။ PR စနစ်၏ အားနည်းချက်များ၌ မဲဆန္ဒရှင်ပြည်သူများအတွက် လက်တွေ့မကြုံဖူးသေးသည့် အားနည်းမှု ပြဿနာမျိုးသာရှိနိုင်ပြီး လွှတ်တော်တွင်း၌ နိုင်ငံရေးပါတီကြီးများအတွက် အမတ်အများစုဖြင့် အပြတ်အသတ် လွှမ်းမိုးဦးဆောင်မှုမရနိုင်ဘဲ ညှိနှိုင်းစေ့စပ်ရမည့် နိုင်ငံရေးအခြေအနေသစ်၊ အခက်အခဲသစ်များ အဓိကဖြစ်ပေါ်လာနိုင်ခြင်းပင်ဖြစ်သည် ဟု တွက်ဆရပါသည်။ သို့ရာတွင် မဲဆန္ဒနယ် အရွယ်အစားနှင့် ရွေးကောက်ရမည့် ကိုယ်စားလှယ်ဦးရေကို မျှတစွာသတ်မှတ်ပေးနိုင်ပါက ပြည်သူ့ကိုယ်စားပြုမှုနှင့် ပြည်သူ့သဘောထားတို့ကိုမူ လွှတ်တော်တွင်း၌ ပိုမိုထင်သာမြင်သာလာမည့် အားသာချက်ရှိသည် ဟု ခိုင်မာစွာ သုံးသပ်ရရှိပါသည်။

၁၉။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများအတွက် PR စနစ်ကို ပြောင်းလဲကျင့်သုံးမည် ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များမရှိနိုင် ဟု ယေဘုယျအားဖြင့် စိစစ်တွေ့ရှိရပါသည်။

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က)တွင် အမျိုးသားလွှတ်တော်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် (၁၂)ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၆၈)ဦးဖြင့် ဖွဲ့စည်းကြောင်း ပြဋ္ဌာန်းထားပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရာ၌ နယ်မြေအကျယ်အဝန်းနှင့် လူဦးရေတို့အပေါ် ကန့်သတ်ခြင်းမျိုး မဟုတ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအချိုးညီကိုယ်စားပြုမှုအတွက် ကိုယ်စားလှယ်ဦးရေ(၁၂)ဦးစီ တစ်ပြေးညီသတ်မှတ်ထားပါသည်။ မဲဆန္ဒနယ်မြေသတ်မှတ်ရာ၌လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီလျော်အပ်စပ်မှုရှိအောင် လက်တွေ့ကျင့်သုံးဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် PR စနစ်ကိုပြောင်းလဲကျင့်သုံးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းမှပင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေများကို ဆီလျော်အောင် အလိုက်သင့် ပြန်လည်ဖွဲ့စည်းသတ်မှတ်နိုင်သည် ဟု စိစစ်သုံးသပ်ရရှိပါသည်။

၂၁။ ယင်းသုံးသပ်ချက်ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှပင် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ၌ကျင့်သုံးအကောင်အထည်ဖော်နိုင်မည့် အချိုးကျကိုယ်စားပြုစနစ် (PR) ပုံစံများကို စိစစ်လေ့လာခဲ့ရာ PR ဒီဇိုင်းပုံစံ(၆)မျိုး ဖော်ထုတ်ရရှိခဲ့ပါသည်။ ထိုဒီဇိုင်းပုံစံများအနက် လက်တွေ့ကျကျ ကျင့်သုံးနိုင်မည့် ဒီဇိုင်း(၂)မျိုးကို ကော်မရှင်အတွင်းရေးမှူး ဖြစ်သည့် ဦးခင်မောင်ရီ မှ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ရီ (ကော်မရှင်အတွင်းရေးမှူး)။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကော်မရှင်အဖွဲ့ဝင်ဖြစ်တဲ့ ဦးမန်းကံညွန့် က အပိုဒ်(၂၁)အထိအောင် ဖတ်ကြားပြီးတဲ့နောက်မှာ ကျွန်တော့်အနေနဲ့ အပိုဒ်(၂၂) မှ (၄၈)အထိ ဒီဇိုင်းပုံစံများနဲ့ ပတ်သက်လို့ ရှင်းလင်း

တင်ပြမှာ ဖြစ်ပါတယ်။ ဦးမန်းကံညွန့် တင်ပြချက်မှာပါတဲ့အတိုင်းပဲ ဒီဇိုင်းပုံစံ(၆)ခုကို ကျွန်တော်တို့ ရွေးထုတ်ပြီးတော့ နှိုင်းယှဉ်စဉ်းစားခဲ့ပါတယ်။ နောက်ဆုံး ခေတ်စနစ်နဲ့ သင့်လျော်ပြီးတော့ မဲဆန္ဒရှင်အတွက် အခက်အခဲမဖြစ်နိုင်ဘဲနဲ့ ဆီလျော်စွာကျင့်သုံးနိုင်မယ့် ဒီဇိုင်းပုံစံ(၂)ခုကို ကျွန်တော်တို့ အဆုံးအဖြတ် ရရှိခဲ့ပါတယ်။

ဒီဇိုင်းပုံစံ(၁)ဖြစ်ပါတယ်။

၂၂။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ FPTP စနစ်ဖြင့် ကိုယ်စားလှယ်ရွေးချယ်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၏ ကျန်ဒေသများနှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်များ၌ ကိုယ်စားပြုနယ်မြေ (၁၂) နယ်မြေ သတ်မှတ်၍ PR စနစ်ဖြင့် မဲဆန္ဒနယ်တစ်ခုတည်းအတွက် ကိုယ်စားလှယ်များ ရွေးကောက်သည့် ပုံစံ ဖြစ်ပါသည်။

၂၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအတွက် မူလ FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရမည်ဖြစ်ပြီး ကျန်ဒေသများအတွက် PR စနစ်ကို ကျင့်သုံးသွားနိုင်ပါသည်။

၂၄။ စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် FPTP စနစ်ဖြင့် ရွေးချယ်၍ မဲဆန္ဒနယ်(၁)နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျန်ဒေသများအတွက် PR စနစ်ဖြင့်ရွေးချယ်၍ မဲဆန္ဒနယ်(၁)နယ် သတ်မှတ်ရပါမည်။ ဤပုံစံ(၁)အရ စုစုပေါင်း မဲဆန္ဒနယ်(၂)နယ် ရှိမည်ဖြစ်ပါသည်။

၂၅။ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)ခုအတွက် မဲဆန္ဒနယ်(၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၄)ခုအတွက် မဲဆန္ဒနယ်(၄)ခု၊ FPTP စနစ်ဖြင့် ရွေးချယ်မည့် မဲဆန္ဒနယ်စုစုပေါင်း (၅)နယ် သတ်မှတ်ရပါမည်။ ရှမ်းပြည်နယ်အတွင်း ကျန်ရှိသောဒေသများအတွက် PR စနစ်ဖြင့် ကိုယ်စားလှယ်လောင်း(၇)ဦးကို ရွေးချယ်ရန် မဲဆန္ဒနယ်(၁)နယ် သတ်မှတ်ရမည်ဖြစ်ရာ ရှမ်းပြည်နယ်တွင် စုစုပေါင်း မဲဆန္ဒနယ်(၆)နယ် ဖြစ်ပါသည်။

၂၆။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ PR စနစ်အရ ကိုယ်စားလှယ်လောင်း(၁၂)ဦးစီ ရွေးချယ်ရမည့် မဲဆန္ဒနယ်(၁)နယ်စီ သတ်မှတ်ရပါမည်။

၂၇။ သို့ရာတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များ၌ လုပ်ငန်းရှုပ်ထွေးမှု မရှိစေရန်လည်းကောင်း၊ မဲဆန္ဒရှင်များအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးစီကို စိတ်ကြိုက်မဲပေးနိုင်ရန်လည်းကောင်း၊ မဲဆန္ဒနယ်မဟုတ်သည့် ကိုယ်စားပြုနယ်များဟု သီးခြားသတ်မှတ်ပြီး ကိုယ်စားပြုနယ်တစ်နယ်စီအလိုက် ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်မဲပေးကြရန် စီစဉ်ထားပါသည်။ ကျွန်တော်တို့ပုံစံအရတော့ ပြည်နယ်တစ်ခုလုံးက၊ တိုင်းတစ်ခုလုံးကတော့ မဲဆန္ဒနယ် တစ်နယ်ပါပဲ။ မဲဆန္ဒနယ်ကတော့ တစ်နယ်လို့ ခေါ်ပါတယ်။ သို့သော်လည်း အခုလက်ရှိ ကိုယ်စားလှယ် (၁၂)ယောက်ကို သူ ကိုယ်စားပြုနိုင်တဲ့ မြို့နယ်တွေမှာ အရွေးခံလို့ရအောင် ကိုယ်စားပြုနယ်ကို (၁၂)နယ်လို့ အမည်ပေးတာ ဖြစ်ပါတယ်။ မဲဆန္ဒနယ်နဲ့ ကိုယ်စားပြုနယ်နဲ့ မတူပါဘူး။

၂၈။ ကိုယ်စားပြုနယ်အလိုက် စိတ်ကြိုက်ကိုယ်စားလှယ်တစ်ဦးကို မဲပေးခွင့်ရှိ၍ မဲဆန္ဒရှင်များအတွက် မဲပေးရာ၌လည်းကောင်း၊ ဆန္ဒမဲပြား ပြုလုပ်ရာ၌လည်းကောင်း၊ ယခင်စနစ်အတိုင်း ကျင့်သုံးသွားနိုင်ပါသည်။ သို့ရာတွင် ကိုယ်စားပြုနယ်အတွင်း၌ ကိုယ်စားလှယ်များရရှိသည့် မဲအရေအတွက်သည် ကိုယ်စားလှယ်များအတွက် အဆုံးအဖြတ်မဲများ မဟုတ်ပါ။ တစ်ခုတည်းသော မဲဆန္ဒနယ်သို့ ကိုယ်စားလှယ်တစ်ဦးချင်း ရရှိသည့်မဲများကို သယ်ယူသွားရပါမည်။ ကိုယ်စားပြုနယ်တစ်နယ်စီမှ ပါတီကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသော မဲများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးသို့ စုစည်းသယ်ယူ၍ ပါတီအလိုက်ရရှိသော ဆန္ဒမဲများကို စုပေါင်းရေတွက်ပြီး ပါတီအလိုက် ကိုယ်စားလှယ်နေရာများကို အချိုးကျခွဲဝေပေးရန် ဖြစ်ပါသည်။ သတိပြုရန်အချက်မှာ ကိုယ်စားပြုနယ်မြေအလိုက် မဲအနိုင်/အရှုံး အဆုံးအဖြတ်ပေးခြင်း မဟုတ်သည့်အချက် ဖြစ်ပါသည်။

၂၉။ မဲပေးရာ၌ ကိုယ်စားပြုနယ်မြေအလိုက် ကိုယ်စားလှယ်တစ်ဦးစီအား FPTP စနစ်မျိုးဖြင့် မဲပေးခြင်းဖြစ်၍ ပါတီအလိုက်ရရှိမည့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ခြင်း၊ ပါတီအလိုက် အရွေးခံကိုယ်စားလှယ် မည်သူမည်ဝါ သတ်မှတ်ခြင်း စသည်တို့ကို PR စနစ်အရ ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃၀။ ဤသို့ ဆောင်ရွက်ခြင်းကြောင့် ကိုယ်စားပြုနယ်အလိုက် ကိုယ်စားလှယ်တစ်ဦးချင်းစီ ရရှိသော မဲအရေအတွက်၊ ခိုင်လုံမဲ ရာခိုင်နှုန်းတို့သည် မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်များအကြား မဲအနည်း/အများ တန်းစီရာ၌လည်းကောင်း၊ ပါတီအလိုက် ရရှိမည့် မဲအရေအတွက်ကိုလည်းကောင်း၊ အသုံးပြုရမည့် အခြေခံများ ဖြစ်ပါမည်။

PR ဒီဇိုင်းပုံစံ(၂)

၃၁။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ FPTP စနစ်ဖြင့် ကိုယ်စားလှယ်ရွေးချယ်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ ကျန်ဒေသများနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မဲဆန္ဒနယ်(၃)နယ် ပြန်လည်ဖွဲ့စည်း၍ PR စနစ်ဖြင့် ကိုယ်စားလှယ်များ ရွေးချယ်သည့်ပုံစံ ဖြစ်ပါသည်။ ကျွန်တော် ဆိုလိုတာကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရှိတဲ့ တိုင်းနဲ့ ပြည်နယ်များကလွဲရင် ကျန် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး မဲဆန္ဒနယ် တစ်နယ်အစား (၃)နယ် ခွဲခြားတဲ့၊ ပိုင်းခြားတဲ့စနစ် ဖြစ်ပါတယ်။

၃၂။ စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် FPTP စနစ်ကျင့်သုံးရမည့် မဲဆန္ဒနယ်(၁)နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျန်ဒေသများအတွက် PR စနစ်ကျင့်သုံးမည့် မဲဆန္ဒနယ်(၃)နယ် သတ်မှတ်ပါမည်။ သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် စုစုပေါင်း မဲဆန္ဒနယ်(၄)နယ် သတ်မှတ်ပါမည်။ PR မဲဆန္ဒနယ်ကို ပုံမှန်(၃)နယ် သတ်မှတ်ရန် မဖြစ်နိုင်ပါက ခြွင်းချက်ပြု၍ မဲဆန္ဒနယ် ဖွဲ့စည်းခွင့်ပြုကောင်း ပြုရပါမည်။

၃၃။ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)ခုအတွက် မဲဆန္ဒနယ်(၁)နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၄)ခုအတွက် မဲဆန္ဒနယ်(၄)နယ် စုစုပေါင်း FPTP စနစ် ကျင့်သုံးမည့် မဲဆန္ဒနယ်(၅)နယ်သတ်မှတ်ရပါမည်။ ရှမ်းပြည်နယ်အတွင်း ကျန်ဒေသများနှင့် သက်ဆိုင်သော ကိုယ်စားလှယ်(၇)ဦးအတွက် PR စနစ်ဖြင့် ရွေးကောက်ရန် မဲဆန္ဒနယ်(၃)နယ် သတ်မှတ်ရပါမည်။ သို့ဖြစ်၍ ရှမ်းပြည်နယ်တွင် စုစုပေါင်း မဲဆန္ဒနယ်(၈)နယ် သတ်မှတ်ပါမည်။ သို့ရာတွင် ရှမ်းပြည်နယ်၏ နယ်မြေအခြေအနေအရ PR

မဲဆန္ဒနယ်ကို ပုံမှန်(၃)နယ်သတ်မှတ်ရန် မဖြစ်နိုင်ပါက ခြွင်းချက်ပြု၍ မဲဆန္ဒနယ် လိုအပ်သလို ဖွဲ့စည်းခွင့်ပြုရပါမည်။

၃၄။ မဲဆန္ဒနယ်များ ခွဲခြားသတ်မှတ်ရာ၌ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး မဲပေးသည့် မဲဆန္ဒရှင် ဦးရေ တူညီစေရန် ညှိနှိုင်းစီမံရမည် ဖြစ်သကဲ့သို့ မဲဆန္ဒနယ်တစ်ခုကို စုစည်းသတ်မှတ်ရာ၌ ထိုမဲဆန္ဒနယ် အတွင်းရှိ နယ်မြေများသည် မလွဲမသွေ တစ်ဆက်တစ်စပ်တည်း ဖြစ်ရပါမည်။

၃၅။ ထပ်မံ၍ အသေးစိတ်တင်ပြရပါက စစ်ကိုင်းတိုင်းဒေသကြီးတွင် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် မဲဆန္ဒနယ်(၁)နယ်မှ ကိုယ်စားလှယ်(၁)ဦး ရွေးချယ်ရာ၌ FPTP စနစ်နှင့်အညီ ရွေးကောက်တင်မြှောက်ရပါမည်။

(ခ) ကျန်ဒေသများအတွက် မဲဆန္ဒနယ်(၃)နယ် သတ်မှတ်၍ အမှတ်(၁)နှင့် (၂) မဲဆန္ဒနယ်များတွင် ရွေးချယ်ရမည့် ကိုယ်စားလှယ်လောင်း (၄)ဦးစီကိုလည်းကောင်း၊ အမှတ်(၃) မဲဆန္ဒနယ်၌ ရွေးချယ်ရမည့် ကိုယ်စားလှယ်လောင်း (၃)ဦးစီကို လည်းကောင်း၊ PR စနစ်ဖြင့် ရွေးကောက်ရပါမည်။

ရှင်းလင်းအောင် ပြောရရင် ကိုယ်စားလှယ်(၁၂)ဦး ရတဲ့အထဲမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒသက (၁)ယောက် ရတဲ့အတွက်ကြောင့် (၁၁)ဦး ကျန်ပါတယ်။ (၁၁)ဦးကို (၃)နဲ့စားမယ် ဆိုလို့ရှိရင် (၄)၊ (၄)၊ (၃) ဖြစ်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

၃၆။ ရှမ်းပြည်နယ်တွင် အောက်ပါအတိုင်းဆောင်ရွက်ရပါမည် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုအတွက် မဲဆန္ဒနယ်(၅)နယ်မှ ကိုယ်စားလှယ်(၅)ဦး ရွေးချယ်ရာတွင် FPTP စနစ်အရ ရွေးကောက်ရပါမည်၊

(ခ) ကျန်ဒေသများအတွက် မဲဆန္ဒနယ်(၃)နယ်သတ်မှတ်၍ လက်တွေ့ ဖြစ်နိုင်/မဖြစ်နိုင် စိစစ်ရပါမည်။ မဲဆန္ဒနယ်(၂)နယ်သတ်မှတ်၍ ရွေးကောက်ရန် ကိုယ်စားလှယ်စာရင်း (၄)ဦး သို့မဟုတ် (၃)ဦးစီ သတ်မှတ်ရကောင်း သတ်မှတ်ရပါမည်။ အခက်အခဲ ရှိပါက ခြွင်းချက်ပေး၍ မဲဆန္ဒနယ်များကို သတ်မှတ်ခွင့်ပြုရန် ဥပဒေ၌ ပြဋ္ဌာန်းရပါမည်။

ဆိုလိုတာက ရှမ်းပြည်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုက အားလုံး(၅)ခုရှိပါတယ်။ (၅)ယောက်နုတ်ရင် (၇)ဦးပဲ ကျန်ပါတယ်။ ကျန်ကိုယ်စားလှယ် (၇)ဦးကျတော့ (၃)နယ်နဲ့ပဲ တရားသေ သတ်မှတ်လိုက်ရင် (၃)နယ်ဆိုရင် သူက (၇)ဦးဆိုတာ (၂)၊ (၂)၊ (၃) ဖြစ်သွားနိုင်တယ်။ နည်းတာပေါ့။ အဲဒီလိုမဟုတ်ဘဲနဲ့ သူ့ကျတော့ ခြွင်းချက်နဲ့ ကျွန်တော်တို့ မဲဆန္ဒနယ်(၂)နယ်ပဲ သတ်မှတ်ပြီးတော့ (၄)ဦးတစ်နယ်၊ (၃)ဦးတစ်နယ် လုပ်မလားဆိုတာ စဉ်းစားနိုင်တဲ့ (Option) အနေနဲ့ ဒါ တင်ပြခြင်း ဖြစ်ပါတယ်။

၃၇။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မဲဆန္ဒနယ် (၃)နယ်စီ သတ်မှတ်၍ မဲဆန္ဒနယ် (၁)နယ်စီလျှင် ကိုယ်စားလှယ်လောင်း(၄)ဦးစီ PR စနစ်ဖြင့် ရွေးချယ်မဲပေးရပါမည်။

၃၈။ ဤပုံစံ(၂)သည် တိုင်းဒေသကြီး/ပြည်နယ်များ၌ မဲဆန္ဒနယ်(၃)နယ်စီ သတ်မှတ်၍ မဲဆန္ဒနယ် တစ်နယ်မှ ကိုယ်စားလှယ်(၄)ဦး ပါဝင်ယှဥ်ပြိုင်ပြီး PR စနစ်အရ ကိုယ်စားလှယ်နေရာကို ပါတီအလိုက် ခွဲဝေပေးခြင်း ဖြစ်ပါမည်။

သုံးသပ်ချက်

၃၉။ အထက်ပါ ဒီဇိုင်းပုံစံ(၂)မျိုးလုံးကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ၌ ကျင့်သုံးရန် ဖြစ်နိုင်ပါသည်။ ပုံစံ(၁)နှင့် ပုံစံ(၂)သည် မဲဆန္ဒနယ် အကြီးအသေး သတ်မှတ်ချက်၌ ကွာခြားပြီး ပုံစံ(၁)၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မဲဆန္ဒနယ်တစ်နယ်သာရှိ၍ မဲဆန္ဒနယ် ကြီးမားပါသည်။ ရွေးချယ်ရမည့် ကိုယ်စားလှယ်(၁၂)ဦး ပါဝင်သော မဲဆန္ဒနယ်ကြီးဖြစ်၍ ရှင်းလင်းလွယ်ကူမှုရှိစေရန် ကိုယ်စားပြုနယ်မြေဟူ၍ သီးခြားသတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ PR စနစ်အရ သေချာစွာစဥ်းစားပါက ကိုယ်စားပြုနယ်ဟူ၍ သတ်မှတ်ရန် မလိုအပ်ဘဲ ကိုယ်စားလှယ်(၁၂)ဦး ရွေးချယ်ရမည့် မဲဆန္ဒနယ်တစ်နယ်၌ ပါတီအလိုက် ကိုယ်စားလှယ်လောင်းစာရင်း တင်သွင်းပြီး ယှဥ်ပြိုင်ရန်သာ ရှိပါသည်။

၄၀။ သို့ရာတွင် မဲဆန္ဒရှင်များအတွက် မဲပေးရာ၌ အပြောင်းအလဲနည်းပြီး လွယ်ကူရှင်းလင်းစေရန်၊ မဲဆန္ဒရှင်များနှင့် ပြည်သူ့ကိုယ်စားလှယ်များ အပြန်အလှန် နားလည်ရင်းနှီးမှုနှင့် တာဝန်ခံမှုများ ပိုမိုဖြစ်ထွန်းစေရန်၊ ကိုယ်စားပြုနယ် ဟု သတ်မှတ်အသုံးပြုရန် ပုံစံ(၁)ဖြင့် စီစဥ်ရခြင်း ဖြစ်ပါသည်။ ကိုယ်စားပြုနယ်နှင့် မဲဆန္ဒနယ်တို့သည် မတူကွဲပြား ရှိနေမှုရှိကြောင်း မဲဆန္ဒရှင်များအား ပညာပေးရပါမည်။ ဆန္ဒမဲပေးပုံနဲ့ ပတ်သက်လို့ (Voter Education) ပေးဖို့ကို ဆိုလိုခြင်း ဖြစ်ပါတယ်။

၄၁။ ပုံစံ(၂)၌ ဖွဲ့စည်းမည့် မဲဆန္ဒနယ်သည် ပုံစံ(၁)မှာကဲ့သို့ တစ်နယ်တည်းမဟုတ်ဘဲ မဲဆန္ဒနယ် (၃)နယ် ဖြစ်ပါသည်။ မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်(၄)ဦးစီ PR စနစ်အရ ရွေးချယ်မဲပေးရပါမည်။ ခြွင်းချက်ပြုရမည့် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကယားပြည်နယ် တို့ကဲ့သို့ သွားလာရေးခက်ခဲမှု၊ မြို့နယ်နည်းလွန်းမှု၊ မြို့နယ်များလွန်းမှုရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ PR မဲဆန္ဒနယ်ကို အတိုးအလျော့ပြုခွင့်ပေးထားရမည်ဖြစ်ပါသည်။ အဲဒါကတော့ Adjust လုပ်လို့ ရပါတယ်။ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ဖြစ်ပါတယ်။

၄၂။ သို့ရာတွင် ပုံစံ(၂)၌ ပုံစံ(၁)ကဲ့သို့ မဟုတ်ဘဲ မဲဆန္ဒနယ်(၃)နယ် ရှိသည်ဖြစ်၍ မဲဆန္ဒနယ်ကျဥ်းပြီး ယှဥ်ပြိုင် ကိုယ်စားလှယ်လောင်းဦးရေမှာလည်း နည်းသွားသဖြင့် ဆန္ဒမဲပြား ပြုလုပ်ရာ၌လည်းကောင်း၊ ဆန္ဒမဲပေးရာ၌လည်းကောင်း ပိုမိုလွယ်ကူ ရှင်းလင်းသွားပါမည်။ လက်ရှိ မဲပေးပုံစနစ်အတိုင်း မဲပြားအတိုင်း လုပ်လို့ရပါတယ်။ ဆိုလိုတာ ကိုယ်စားလှယ်အမည် ထည့်ရိုက်လို့ ရပါတယ်။ နည်းတဲ့အတွက်ကြောင့်။

၄၃။ PR စနစ်အရ ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ ပါတီအာဏာပိုင်များက ဒီနေရာမှာ အာဏာပိုင် ဆိုတာ ပါတီခေါင်းဆောင်ပိုင်းကို ဆိုလိုပါတယ်။ စိတ်ကြိုက်သတ်မှတ်နိုင်သော အခွင့်အလမ်းကို တတ်နိုင်သမျှ လျှော့ချသင့်ပါသည်။ မဲဆန္ဒရှင်များ၏ ထောက်ခံမဲရရှိမှု ရာခိုင်နှုန်း အများ၊ အနည်း

အလိုက် ကိုယ်စားလှယ်လောင်းတို့ကို ဦးစားပေးတန်းစီ သတ်မှတ်သော စနစ်မျိုးကိုသာ စဉ်းစားခွင့်ပြုသွားရန် ဖြစ်ပါသည်။ PR ဒီဇိုင်းပုံစံအလိုက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ပေးမှုနှင့် တွက်ချက်မှုဇယားတို့ကို PR ဒီဇိုင်းပုံစံ(၁)အတွက် နောက်ဆက်တွဲ(ဂ)ဖြင့်လည်းကောင်း၊ PR ဒီဇိုင်းပုံစံ(၂)အတွက် နောက်ဆက်တွဲ(ဃ)ဖြင့်လည်းကောင်း ပူးတွဲ တင်ပြထားပါသည်။ ဒီနေရာမှာ ကျွန်တော် တင်ပြရန်နဲ့ တောင်းပန်ရန်ရှိပါတယ်။ ကျွန်တော်တို့ ဒီနောက်ဆက်တွဲ(ဂ) ဆိုတာ စာမျက်နှာ(၁၆)မှာ ရှိပါတယ်။ နောက်ဆက်တွဲ(ဃ) ဆိုတာ စာမျက်နှာ(၂၃)မှာ ရှိပါတယ်။ စာမျက်နှာ(၁၈) မှာ ကျွန်တော်တို့ တွက်ချက်ထားတဲ့ ဇယား။ အဲဒီဇယားမှာ ကျွန်တော်တို့ ကော်မတီပိုင်းရဲ့ ရုံးလုပ်ငန်း ချို့ယွင်းချက်အရ ကိန်းဂဏန်းနဲ့ လူနာမည်ရိုက်တာ အချို့မှားသွားပါတယ်။ ဒါကြောင့် ဒီမှာ ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒီနေ့မနက်ပဲ ကျွန်တော်တို့ ဦးမြင့်ထွန်း က ဒါကို ထောက်ပြတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ဒီဖက်ကဇယားမှာ တွက်တာ နာမည်တစ်မျိုးနဲ့ ဟိုဖက်မှာ မဲရေပြီးတော့ တွက်တဲ့ စာမျက်နှာ(၂၀)က နာမည်နဲ့ကတစ်မျိုးဖြစ်သွားတဲ့ အမှားလေးတွေ ရှိပါတယ်။ ဒါကြောင့် ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့က စာမျက်နှာဒီကစပြီးတော့ နောက်ဆက်တွဲ(ဂ)နဲ့ နောက်ဆက်တွဲ(ဃ)ဆိုတာ အားလုံးကို ကျွန်တော်တို့ ပြန်လည်စိစစ်ပြီး အသစ်ရိုက်ပြီး ပြန်လည်ဖြန့်ဝေပေးမည်ဖြစ်ပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ခွင့်လွှတ်ပါရန်လည်း အနူးအညွတ် တောင်းပန်အပ်ပါတယ်။

၄၄။ ထို့ကြောင့်မိမိတို့ ကော်မရှင်က လေ့လာတွေ့ရှိထားသော ဒီဇိုင်းများအနက် ဒီဇိုင်းပုံစံ(၂)မျိုးကို အသင့်လျော်ဆုံး ပုံစံများအဖြစ် ထောက်ခံတင်ပြအပ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညှိနှိုင်းဆွေးနွေးစိစစ်မှုများပြု၍ လိုအပ်သော ဥပဒေများကို ပြင်ဆင်ရေးဆွဲသွားရန် ဖြစ်ပါသည်။ ကျွန်တော်တို့ တင်တဲ့အဆို အတည်ပြုခဲ့ကတည်းကိုက ကျွန်တော်တို့က PR စနစ်ကို ကျင့်သုံးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းကြောင်း ဆိုတဲ့အတွက်ကြောင့် ဒါက ဆုံးဖြတ်ရမှာ ကော်မရှင် ဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်အရလည်း ကော်မရှင်လုပ်ပိုင်ခွင့် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ထောက်ခံချက်ပေးပြီး ကော်မရှင်က စိစစ်ရွေးချယ်တဲ့နည်းလမ်း ဖြစ်ပါတယ်။ လိုအပ်တဲ့ ဥပဒေကိုလည်း ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ရန်လည်း ကော်မရှင်မှာပဲ တာဝန်ရှိပါတယ်။

၄၅။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ PR စနစ်ကျင့်သုံးရာတွင် မိမိတို့ကော်မရှင်အနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့မှအပ) တစ်ပြေးညီ PR စနစ် ကျင့်သုံးရန် ထောက်ခံတင်ပြထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်ထဲမှာ အကြေအညက်ဆွေးနွေးပြီးတာကို ထောက်ခံထားတာ ဖြစ်ပါတယ်။ မူပိုင်းဆိုင်ရာ အရေးကြီးသည့်အချက်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ PR စနစ်ကျင့်သုံးရန်ကိစ္စကို အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုသင့်ကြောင်း တင်ပြအပ်ပါသည်။ PR ဒီဇိုင်း ရွေးချယ်ရေးကိစ္စမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်နိုင်မှုအပေါ် အလေးထားရပါမည်။ ကော်မရှင်က ရွေးချယ်သင့်သည့် လုပ်ငန်းအဖြစ် မှတ်ယူဆောင်ရွက်သွားရပါမည်။

၄၆။ မည်သည့် ဒီဇိုင်းပုံစံကိုရွေးချယ်သည်ဖြစ်စေ ရွေးကောက်ပွဲလုပ်ငန်းကိစ္စကို လက်တွေ့တာဝန်ယူ အကောင်အထည်ဖော်မည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သော ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို အသေးစိတ် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရာ၌ အောက်ပါ မူပိုင်းဆိုင်ရာ

အချက်များကို အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း သုံးသပ်တင်ပြပါသည်။ ကော်မရှင်ရဲ့လုပ်ငန်းလုပ်တဲ့အခါမှာ PR ကော်မရှင်က ထောက်ခံတင်ပြခြင်း ဖြစ်ပါတယ်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်းမှပင် PR စနစ်ကို ရှင်းလင်းလွယ်ကူစွာ ကျင့်သုံးနိုင်အောင် အလေးထားဆောင်ရွက်ရန်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများမှအပ ကျန်ဒေသများ အပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အားလုံး၌ PR စနစ်ကို ရာနှုန်းပြည့် တစ်ပြေးညီ ကျင့်သုံးရန်၊

(ဂ) မဲဆန္ဒနယ် အရွယ်အစားကို ပြန်လည်သတ်မှတ်ရာ၌ တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်နှင့် ပါတီကြီးငယ်မရွေး (တစ်သီးပုဂ္ဂလ အပါအဝင်) တန်းတူရည်တူ ယှဉ်ပြိုင်နိုင်စေရန်အတွက် စီမံဆောင်ရွက်ရန်၊ ဒီဇိုင်းပုံစံ(၁) ၌ အသုံးပြုရမည့် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုနယ်မတူကြောင်း ရှင်းရှင်းလင်းလင်း စီမံဆောင်ရွက်ရန်၊

(ဃ) ဒီဇိုင်းပုံစံ(၂)ကို ကျင့်သုံးရန် ရွေးချယ်ပါက တိုင်းဒေသကြီးများ၌ မဲဆန္ဒနယ်(၃)နယ် သတ်မှတ်ရန် ပြဿနာမရှိသော်လည်း ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့၌ မဲဆန္ဒနယ်(၃)နယ် သတ်မှတ်ရန် အခက်အခဲရှိနိုင်သဖြင့် ခြွင်းချက်ပြု၍ မဲဆန္ဒနယ်ကို တိုး/လျှော့ ဖွဲ့စည်းခွင့်ပြုရန်၊

(င) ရွေးကောက်ပွဲလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်ရသည့် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို နိုင်နိုင်နင်းနင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်နိုင်စေရန်အတွက် ဥပဒေပိုင်းအရရော၊ စီမံခန့်ခွဲမှုအပိုင်းအရပါ ပြင်ဆင်ဆောင်ရွက်ရန်၊ (ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်အတွက် လုပ်ငန်းရှုပ်ထွေးမှု၊ မနိုင်ဝန်ထမ်းရမှု မဖြစ်ရလေအောင် ထည့်သွင်းစဥ်းစားရန် လိုအပ်ပါမည်။)

(စ) မဲဆန္ဒရှင်များအတွက် အတတ်နိုင်ဆုံးရှင်းလင်း လွယ်ကူမှုဖြစ်စေရန်နှင့် မဲဆန္ဒရှင်များ၏ ဆန္ဒပြုမှုကို ပိုမိုမျှတစွာ ကိုယ်စားပြုနိုင်စေရန်၊

(ဆ) ဆန္ဒမဲရာခိုင်နှုန်း အများဆုံးရသော ကိုယ်စားလှယ်လောင်းများသည် ပါတီအလိုက် တန်းစီအမည်စာရင်း၏ ထိပ်ဆုံးနေရာသို့ ရောက်ရှိစေသည့် စနစ်မျိုးကို ကျင့်သုံးရန်၊

(ဇ) ဆန္ဒမဲပြားတစ်ခုတည်းဖြင့် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်အောင် စီမံရန်၊

(ဈ) မဲဆန္ဒနယ်အလိုက် သက်ဆိုင်ရာ ပါတီများအား ရသင့်သည့် ကိုယ်စားလှယ်ဦးရေကို ရှင်းလင်းမျှတစွာ ခွဲဝေပေးနိုင်ရေးနှင့် အငြင်းမပွားနိုင်ရေး ဆောင်ရွက်ရန်၊

(ည) ရွေးကောက်ပွဲ မှတ်ပုံတင်ကြေးကိစ္စ၊ ကြိုတင် ဆန္ဒမဲများကိစ္စ၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်ကိစ္စ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းခြင်းကိစ္စတို့ကို ကျင့်သုံးမည့် ရွေးကောက်ပွဲ စနစ်သစ်နှင့် လိုက်လျောညီထွေရှိအောင် သက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန်၊

(၅) ရွေးကောက်ပွဲ ကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် ခန့်ထားမှုတို့ကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်ရန်၊ ပါတီအလိုက် ကိုယ်စားလှယ် ထားရှိခွင့်ကို သတ်မှတ်ရန်လိုအပ်ပါက သတ်မှတ်ရန်၊

(၆) PR စနစ်၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် အလားအလာ အခြေအနေ နည်းပါးသဖြင့် ပါတီအလိုက် ကိုယ်စားလှယ်လောင်းများကို ၎င်းတို့ ရရှိသော မဲရာခိုင်နှုန်း အများ/အနည်းအလိုက် တန်းစီထားသည့်စနစ်ကို ကျင့်သုံးရန် သင့်/မသင့် စိစစ်ဆောင်ရွက်ရန်၊

(၇) ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်ကိစ္စကို သီးခြားအချိန်ယူ ညှိနှိုင်းစဥ်းစားဆောင်ရွက်ရန်။

၄၇။ ဤကော်မရှင်၏လေ့လာတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲဒီဇိုင်းပုံစံ ရွေးချယ်နိုင်ရန်နှင့် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပေးပို့အကြောင်းကြားသွားမည် ဖြစ်ပါသည်။ ယင်းသို့ လွှဲပြောင်းပေးအပ်ရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများမှအပ) PR စနစ်ကို တစ်ပြေးညီကျင့်သုံးရန် ကိစ္စနှင့်စပ်လျဥ်း၍ အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုပါ ဖော်ပြပေးပို့သင့်သည် ဟု သဘောထားရရှိပါသဖြင့် အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုနိုင်ရန် တင်ပြအပ်ပါသည်။ လွှတ်တော်က ကျွန်တော်တို့ ဒီအဆိုနဲ့ပတ်သက်လို့ အတည်ပြုပြီးဖြစ်ပါတယ်။ ဒီအဆိုဟာ အတည်ပြုပြီး အဆိုဖြစ်တဲ့ အတွက်ကြောင့် နောက်ဆုံးဆုံးဖြတ်ချက်ကို ချပြီး ဖြစ်ပါတယ်။

၄၈။ ထို့ကြောင့် အမျိုးသားလွှတ်တော်က ဤကော်မရှင်၏ အစီရင်ခံစာကို မှတ်တမ်းတင်နိုင်ပါရန်နှင့် အောက်ပါအချက်ကို အဆုံးအဖြတ်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်-

PR စနစ်ကို တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ တစ်ပြေးညီ ကျင့်သုံးရန် သဘောတူ/မတူ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ်(PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည် ဖော်ရေးကော်မရှင်၏ အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၃၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည် ဖော်ရေးကော်မရှင်ရဲ့အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် PR စနစ်ကို တိုင်းဒေသကြီး/ပြည်နယ် အားလုံး၌ တစ်ပြေးညီ ကျင့်သုံးရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၃၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် PR စနစ်ကို တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ တစ်ပြေးညီ ကျင့်သုံးရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်(၃)စက္ကန့်လောက် စကားပြောခွင့်ပေးပါ။ (၃)စက္ကန့်လောက် တင်ပြဖို့ ပေးပါ။ (၃)စက္ကန့်လောက် ကျွန်တော် တင်ပြစရာရှိလို့ တင်ပြခွင့်ပေးပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ (၃)စက္ကန့် ဟုတ်လား။ မပိုနဲ့နော်။ လုပ်ပါ။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ကျွန်တော်တို့ အခုဒီ ------------------

**ဒုတိယဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ ကျွန်တော်တို့က များရင်တော့ ကျွန်တော်တို့က လွှတ်တော်ရဲ့ နည်းဥပဒေအတိုင်း ကျွန်တော် မဲခွဲလိုက်တော့မယ်။ အဲဒီတော့ တစ်ယောက်ပဲ။ ဦးအောင်ကြည်ညွန့် က အရင်ဆုံးတောင်းတာ ဖြစ်တဲ့အတွက်။ ကဲ ဦးအောင်ကြည်ညွန့် (3) Second နော်။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ကျွန်တော်တို့ ကျွန်တော်အခု ကန့်ကွက်တာက ကျွန်တော်တို့အနေနဲ့ PR ကို အစဉ်တစ်စိုက် ကန့်ကွက်ခဲ့တာ ဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ ကန့်ကွက်တာဟာ တိုင်းနဲ့ ပြည်နယ် တစ်ပြေးညီ ကျင့်သုံးတာ၊ မကျင့်သုံးတာကြောင့် မဟုတ်ဘဲနဲ့ PR စနစ်ကျင့်သုံးခြင်းကို ကန့်ကွက်တာဖြစ်ကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့။ တော်ပြီလေ။ ကဲလုပ်ပါ။ တစ်ယောက်ပေးမယ်။ နောက်တစ်ယောက်။ လုပ်ပါ။ ထမင်းစားချိန် လွတ်သွားပြီနော်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဥက္ကဋ္ဌခင်ဗျား။ အဆိုရှင် တင်သွင်းစဉ်က ဒီ ပြည်နယ်များကို မပါကြောင်း ဖြေကြားခဲ့ပါတယ်။ ပထမ။ ဒုတိယအချက်အနေနဲ့ ဒီဥစ္စာဟာ အခြေခံဥပဒေနဲ့ ငြိစွန်းတယ်။ တတိယအချက်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်ကို မေးမြန်းရမယ့်ကိစ္စရပ်ဖြစ်တဲ့အတွက် ပြည်နယ်များမှာ မသုံးသင့်ကြောင်း ကျွန်တော် တင်ပြဆွေးနွေးပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့။ ရပါပြီ။ ဒါနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ On going Process တွေက ရှေ့ဆက်လုပ်ဖို့ ရှိပါတယ်။ ခုနက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီ/မညီတာက တစ်ပိုင်းပေါ့နော်။ ဒါ ကျွန်တော်တို့ ကိုယ်စားလှယ်တွေက ဆောင်ရွက်တာတွေလည်း ရှိပါတယ်။ အခု ကျွန်တော်တို့က PR ကို လုပ်မယ်လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဆုံးဖြတ်ပြီးပြီ။ ဆုံးဖြတ်ပြီးတဲ့ အပေါ်မှာ မူတည်ပြီးတော့ ဒါကို ကျွန်တော်တို့က ပြန်အစီရင်ခံစာတင်ပြီး မှတ်တမ်းတင်တာပါ။ ဒါကို ဆက်လက်ပြီးတော့ ဆောင်ရွက်စရာတွေ ရှိပါတယ်။ ကော်မရှင် ရောက်ပြန်တော့လည်း ကော်မရှင်ကလည်း သူ့မှာ

ဖွဲ့စည်းပုံအခြေခံဥပဒေကို သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သူကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို မေးမြန်းနိုင်တဲ့ အခွင့်အရေးတွေ ရှိတယ်။ ဒါကတော့ သူ့သဘောပါ။ ကျွန်တော်တို့က Lead လုပ်တာ မဟုတ်ပါဘူး။ အဲဒါကြောင့်မို့ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်ရဲ့ ထုံးစံအတိုင်းနော် ကျွန်တော်တို့ မဲခွဲပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မဲခွဲတဲ့အခါမှာ ကျွန်တော်တို့ စက်ခလုတ်နဲ့ပဲ ကျွန်တော်တို့ မဲခွဲမှာဖြစ်ပါတယ်။ အဲဒီတော့ ရုံးအဖွဲ့က လုပ်ပါ။

မဲပေးနိုင်ကြပါပြီ။

ကျွန်တော်တို့ ထောက်ခံဆန္ဒမဲ(၁၃၈)မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း(၂၄)မဲ၊ ကြားနေမဲပေါင်း(၅)မဲ ဖြစ်တဲ့အတွက် PR စနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး တစ်ပြေးညီ ကျင့်သုံးရန်ဖြစ်ကြောင်း ကော်မရှင်ရဲ့ အစီရင်ခံစာကို ကျွန်တော်တို့ အတည်ပြုပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆက်လက်ဆောင်ရွက်ရန် လွှဲအပ်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၄၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၂း၄၂ နာရီအချိန်တွင် ရပ်နားပါသည်။]